# NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

**Project No: H814-MM and IDA Credit no: 56870**

## လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
## ၂၀၂၁ခုနှစ် ဇန်နဝါရီလမှ မတ်လ အထိ

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

## မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်


အဓိကအစီရင်ခံစာ

| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅ |
| ၂။ | သင်တန်းပို့ချခြင်း | ၈ |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၉ |
| ၄။ | အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၁၀ |
| ၅။ | ဆန္ဒအလျောက်မြေယာလှူဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၁၁ |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၁၂ |
| ၇။ | ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၁၃ |
| ၈။ | ဘဏ္ဍာရေး | ၁၄ |
| ၉။ | ဝယ်ယူရေးအခြေအနေ | ၁၄ |
| ၁၀။ | သတင်းပြန်ကြားခြင်း | ၁၅ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် | ၁၅ |
| ၁၂။ | အသိပညာနှင့် လေ့လာသင်ယူခြင်း | ၁၆ |
| ၁၃။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၁၈ |
| ၁၄။ | အခက်အခဲနှင့် စိန်ခေါ်မှုများ | ၁၈ |
| ၁၅။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၁၉ |
| ၁၆။ | အရေးပေါ်ကာလအခြေအနေဆောင်ရွက်သည့် လုပ်ငန်းစဉ်များ | ၂၁ |
| ၁၇။ | လူထုဗဟိုပြုစီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက် | ၂၃ |
| ၁၈။ | ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားနှင့် အသုံးစရိတ် | ၂၅ |
| ၁၉။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ သုံးလပတ်အတွင်း ကြုံတွေ့ရသောအခက်အခဲ | ၂၆ |
| ၂၀။ | ထောက်ပံ့လိုအပ်ချက်များ | ၃၄ |
| ၂၁။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ | ၃၇ |

**စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ**

ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၁-၃-၂၀၂၁) အထိ ကဏ္ဍအလိုက် ခွဲဝေမှုပြဇယား

ဇယား ၂: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၃: ကုန်ပစ္စည်းဝယ်ယူမှုဇယား(၃၁-၃-၂၀၂၁)

ဇယား ၄: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၅: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ဇယား ၆: အစီအစဉ်နှင့် ရရှိခဲ့သော အောင်မြင်မှုအား နှိုင်းယှဉ်ချက်

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက် ခွဲခြားတင်ပြမှု

ဇယား ၈: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၉: သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှု များ၏ အခြေအနေတင်ပြမှု

ဇယား ၁၀: သဘာဝအလျောက် မြေယာလှူဒါန်းခြင်း

ဇယား ၁၁: ၃၁-၃-၂၀၂၁ထိ အသုံးစရိတ်စုစုပေါင်း

ဇယား ၁၂: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဋ္ဌမနှစ်)

ဇယား ၁၃: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(သတ္တမနှစ်)

ပုံ ၁ : ၂၀၂၁/၂၂ ခုနှစ် ဆဋ္ဌမနှစ် စီမံကိန်းစက်ဝန်း နှင့် သတ္တမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

## စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

### ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှ မတ်လ ၃၁ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင် အထည် ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလအထိ လာမည့် ၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိကအချက်များ ပါဝင်ပါသည်။ ဆဋ္ဌမနှစ် စီမံကိန်း(၅၄)မြို့နယ်နှင့် သတ္တမနှစ်စီမံကိန်း(၃၈)မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

### ဆဋ္ဌမနှစ် မြို့နယ် ၅၄ မြို့နယ်

(က) **VDP** သတ်မှတ်ချက် ၁၀၆၄၃ ရှိသည့်အနက် ၁၀၂၀၈ခု ပြီးစီး၍ **၉၆%** ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၄၃ ခု ရှိသည့်အနက် ၈၈၄၃ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀**%** ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၈၈၄၃ခု ရှိသည့် အနက် ၈၇၉၂ ခု ပြီးစီး၍ ၉၉.၄၂ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၇၉၂ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၉.၄၂ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၈၆၂၁ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၈၆၂၀ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

### သတ္တမနှစ် မြို့နယ် ၃၈ မြို့နယ်

(က) **VDP** သတ်မှတ်ချက် ၆၆၆၆ခု ရှိသည့်အနက် ၆၄၅၀ခု ပြီးစီး၍ ၉၆.၇၅% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၃၃၂ခု ရှိသည့်အနက် ၅၃၁၃ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၉၉.၆၄% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၅၃၃၂ ခု ရှိသည့် အနက် ၅၃၁၃ ခု ပြီးစီး၍ ၉၉.၆၄% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၃၁၃ ခုအား အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါ သောကြောင့် ၉၉.၆၄% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၃၉၃၅ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၃၈၁၉ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

ဆဌမနှစ်တွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၈၈၄၃ခု အကောင်အထည်ဖော် ဆောင်ရွက်သည့် အနက် လုပ်ငန်းခွဲပေါင်း ၈၇၉၂ခု ပြီးစီး၍ ၈၆၂၀ခု လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ သတ္တမ နှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၃၃၂ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၅၃၁၃ခု ပြီးစီး၍ ၃၈၁၉ခု လူထု စစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ဆဌမနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းခွဲအား ဇယား(၁) ဖြင့် ဖော်ပြထားပါသည်။

လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား **(၁) -** လမ်းပန်းဆက်သွယ်ရေးကဏ္ဍ **(** လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်**)** တည်ဆောက်မှုများသည် ၅၄.၂% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၃ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဌမနှစ် စီမံကိန်းအတွင်း ၁၀.၃ % ထိတိုး မြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၇.၇ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၂.၁ % တခြား ၄.၂ % နှင့် ကျန်းမာရေး ၀.၃ % ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား **(၁) -** လမ်းပန်းဆက်သွယ်ရေးကဏ္ဍ **(** လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်**)** တည်ဆောက်မှုများသည် ၅၃% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၄ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် သတ္တမနှစ် စီမံကိန်းအတွင်း ၁၀% ထိတိုးမြင့် ဆောင်ရွက် လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၆.၅ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၄.၁ % တခြား ၅.၈ % နှင့် ကျန်းမာရေး ၀.၃ % ဆောင်ရွက်လျက်ရှိပါသည်။

## NCDDP စီမံကိန်း နှစ်အလိုက် အကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၁-၃-၂၀၂၁)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိယ နှစ် ၂၁၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဥ္စမနှစ် ၂၀၁၇/၁၈ | | ဆဋ္ဌမနှစ် ၂၀၁၈/၁၉ | | သတ္တမနှစ် ၂၀၁၉/၂၀ | | စုစုပေါင်း (ပ-သတ္တမ) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ဟောင်း ၆၁ | | | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၃၈ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၅၇ | ၂,၆၇၅ | | ၂,၃၁၅ | | ၁,၄၅၈ | | ၂,၆၇၇ |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁,၇၅၅ | | ၁၀,၆၄၃ | | ၆,၆၆၆ | | ၁၂,၂၂၃ |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂,၆၀၆ | | ၂,၂၉၀ | ၉၇.၉၂ | ၁,၃၉၄ | ၉၅.၆၁ | ၂,၆၀၆ |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂,၆၀၃ | | ၂၂၅၀ | ၉၇.၁၉ | ၁,၃၉၁ | ၉၅.၄၀ | |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၇၇ | ၁၀.၂၃ | ၃၆.၂၃ | ၆၇.၃၇ | ၈၇.၁၃ | | ၁၀၂.၈၆ | | ၆၇.၅၈ | | ၃၇၃.၁၇ |
| **VDP** ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁,၅၂၄ | | ၁၀,၂၀၈ | | ၆,၄၅၀ | | ၄၃,၇၇၆ |
| **TPIC** အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | | ၈,၈၄၃ | | ၅,၁၁၃ | | ၃၇,၅၉၀ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | | ၈,၈၄၃ | | ၄,၉၁၃ | | ၃၇,၁၉၀ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | | | |
| ၀ % | | | | | ၀ | ၀ | ၄ | ၀.၀၄ | ၆၀၈ | ၁၁.၄၄ | |
| ၁%၅၀- | | | | | ၀ | ၀ | ၂၀ | ၀.၂၃ | ၁၈၄ | ၃.၄၅ | |
| ၅၁%၇၅- | | | | | ၀ | ၀ | ၆ | ၀.၀၇ | ၁၀၁ | ၁.၈၉ | |
| ၇၆%၉၀- | | | | | ၀ | ၀ | ၂၁ | ၀.၂၄ | ၂၄၅ | ၄.၅၉ | |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | ၁၀၀ | ၈,၇၉၂ | ၉၉.၄၂ | ၄,၁၄၃ | ၇၈.၀၀ | |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၉,၀၈၃ | ၁၀၀ | ၈,၆၂၁ | ၉၇.၆၄ | ၃,၉၃၅ | ၇၄.၀၆ | ၃၅,၉၉၀ |
| **Social Audits** ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၉၀၇၅ | ၁၀၀ | ၈,၆၂၀ | ၈၃.၀၀ | ၃,၈၁၉ | ၇၁.၈၈ | ၃၅,၈၆၅ |
| မြို့နယ်အဆင့် **MSRs** ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၆၀ | | ၅၃ | | | | ၁၉၈ |
| **Union** အဆင့် **MSRs** ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | | ၁ | | | | ၆ |

ယခုသုံးလပတ်အတွင်း ဆဋ္ဌမနှစ်စီမံကိန်းတွင် ဆဋ္ဌမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၈၄၃)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၆၂၀)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ယခုသုံးလပတ်အတွင်း သတ္တမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၅၃၁၃)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၃၈၁၉)ခု အတွက် လူထုစစ်

ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

**အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ**

စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်း ချုပ် တင်ပြအပ်ပါသည်-

(က) **Tablet Wifi IT Error**ကြောင့် **MIS Data**များ ဖြည့်သွင်းရန် ခက်ခဲခြင်း(ပူတာအို)၊

(ခ) **Computer** နှင့် **Colour Printer Copier**များ ပြုပြင်ရန် ကျွမ်းကျင်သူ မရှိသည့် အခက်အခဲ၊ **Copier**များ ထပ်မံလိုအပ်ခြင်း(ခနွဖြူ)

(ဂ) **Colour Printer** ဆေးမလိုက်သည့် အခက်အခဲနှင့် **Tablet Power Bank**အားသွင်း ရာတွင် အားမဝင်သည့်အခက်အခဲ၊

(ဃ) ပစ္စည်းဈေးနှုန်း မြင့်တက်မှုနှင့် ဆိုင်ပိတ်ထားသည့် အခက်အခဲ၊

(င) ဗွီနိုင်းများ၊ အင်္ကျီများ၊ ဦးထုပ်များနှင့် ဆိုင်းဘုတ်လိုဂိုတံဆိပ်ပါ အလှူမိနီယံပြား ထပ်မံလိုအပ်ပါသဖြင့် ပံ့ပိုးပေးပါရန်။

## ၂။ သင်တန်းအခြေအနေ

## ပြည်ထောင်စုအဆင့် သင်တန်း

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုအဆင့်မှ လုပ်ငန်းခွင်ဝင်သင်တန်းနှင့် ဝယ်ယူ ရေးနှင့်ပစ္စည်းများ စီမံခန့်ခွဲရေးသင်တန်းကို **Online (VC)** ဖြင့် သင်တန်းသား ဦးရေ ၂၇၂ဦး(ကျား- ၁၅၆၊မ-၁၁၆ဦး) ပို့ချနိုင်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စီမံကိန်း(၁၃)မြို့နယ်အသစ်မှ **DRD** ဝန်ထမ်း (၂၀၅)ဦး နှင့် မြို့နယ်(၇)မြို့နယ်မှ **TTA** (၆၇)ဦး တက်ရောက်ခဲ့ပါသည်။ အရေးပေါ် ကာလတွင် အင်တာနက်အခက်အခဲကြောင့် parallel sessions အား ဆက်လက်ပို့ချနိုင်ခဲ့ခြင်းမရှိပါ။ အဆိုပါသင်တန်းအတွက် စုစုပေါင်း ကျပ် ၃၃၉,၂၆၀/- ကုန်ကျခဲ့ပါသည်။

## မြို့နယ်အဆင့် သင်တန်း

အစီရင်ခံသည့်ကာလအတွင်း မြို့နယ်(၂)မြို့နယ်တွင် **Grievance** နှင့် **Communication** သင်တန်းအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ **(DRD, TTA, TF and CF)** ၁၂၅ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းအတွက် ကုန်ကျစရိတ် စုစုပေါင်း (၃၉၂,၃၀၀/-)ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းမှစ၍ မြို့နယ်များနှင့် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

### ကျေးရွာအဆင့် သင်တန်း

အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအဆင့်တွင် MSC, FSC, CMT, O & M and Grievance စသည့် သင်တန်းပေါင်း ၄၃ ခုအား ပြုလုပ်ခဲ့ပြီး သင်တန်းတက်ရောက်သူ ၄၈၈ ဦး(ကော်မတီဝင် ၄၄၀ဦး(ကျား- ၂၂၄ဦး၊မ-၂၁၆ဦး)နှင့် ကျေးရွာလူထု ၄၈ဦး(ကျား-၂၄ဦး၊မ-၂၄ဦး) ပို့ချပေးနိုင်ခဲ့ပါသည်။ စုစုပေါင်းကုန်ကျငွေမှာ ၂၅၄,၂၀၀ ကျပ်ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တို့တွင် သင်တန်းပေါင်း ၄၇ကြိမ် ပို့ချခဲ့ပြီး တက်ရောက်သူဦးရေ ၈၈၅ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ သင်တန်းများအတွက် စုစုပေါင်း ကုန်ကျငွေ ၉၈၅,၇၆၀/- ကျပ် ဖြစ်ပါသည်။

### 40 K/15 K သင်တန်းများ

ယခု သုံးလပတ်အတွင်း 40 K / 15 K သင်တန်းများ ပို့ချနိုင်ခဲ့ခြင်းမရှိပါ။

### ပြည်ထောင်စုသင်တန်းအဖွဲ့၏အခြားအထောက်အပံ့များ

ပြည်ထောင်စုအဆင့် သင်တန်းနည်းပညာအကြံပေးမှ **Covid-19**နှင့် ပတ်သတ်သည့် အကြောင်းအရာများကို **VDP** အလုပ်ရုံဆွေးနွေးပွဲတွင် သင်တန်းပို့ချပေးခဲ့ပါသည်။

**Comparison of plan versus achievement (Union Training Team plan only)**

| S/N | Planned activities | Achievement | Participants | Remark |
|---|---|---|---|---|
| 1 | Start-Up training<br>(Virtual with breakout sessions) | Done (Jan'2021) | S/R HOs and DRD counterparts | 7 out of 13 new townships |
| 2 | TOT 1 training (Virtual with breakout sessions) | No achievement | Union staffs | |
| 3 | JSDF planning | No achievement | CDD Townships | |
| 4 | DNH integration to existing NCDDP | No achievement | CDD Townships | |
| 5 | CBDRM planning | No achievement | Union Staffs | |

### ၃။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်များနှင့် လိုအပ်သည်များ ကို ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း ပြီးစီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင် ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ အပတ်စဉ် မြို့နယ်များ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံ စာများအား လစဉ်ပုံမှန် စစ်ဆေးဆောင်ရွက်ပါသည်။

ဤကာလအတွင်းတွင် **GIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီ ထောက်ပံ့ပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မှီ ပေးပို့ကြပါသည်။

## စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း

<table>
<tr><th>သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု</th><th>သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ</th></tr>
<tr><td><u>MIS</u><br>• သတ္တမနှစ် စီမံကိန်း လုပ်ငန်း ပြီးစီး၍ ကျန်ရှိသော မြို့နယ်များမှ M&E/MIS စနစ်သို့ အချက်အလက် ဖြည့်သွင်း ထားသည်များကို ကြီးကြပ်/စစ်ဆေး ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပါသည်။<br>• အဌမနှစ် စီမံကိန်းအချက်အလက်များ ဖြည့်သွင်းနိုင်ရန်အတွက် M&E/MIS စနစ်အား ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။<br>• စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ ပါသည်။<br><br><u>GIS</u><br>သုံးလပတ်အတွင်းရှိသော မြို့နယ်များနှင့် ချိတ်ဆက်ပြီး MISအချိန်နှင့်တပြေးညီအချက်အလက် (PC 8) နှင့် GIS dashboard အချက်အလက်အကြား ကွာဟချက်များ အားလုံး အချိန်နှင့်တပြေးညီ စီစစ်ပြီး ဆောင်ရွက်ခဲ့ ပါသည်။<br><br><u>အစီရင်ခံခြင်း</u><br>• နှစ်ပတ်လည်အစီရင်ခံစာအား <u>www.cdd.drdmyanmar.org</u> တွင် တင်ထားပြီး ဖြစ်ပါသည်။</td><td><u>MIS</u><br>• စီမံကိန်းဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်များအား M&E/ MIS Sectionအနေဖြင့် Online စနစ်ဖြင့် Refresner Training ပို့ချ ဆောင်ရွက်မည်ဖြစ်ပါသည်။<br>• စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်း အပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။<br><br><u>GIS</u><br>• MISအချိန်နှင့်တပြေး ညီအချက်အလက် (PC 8) နှင့် GIS dashboard အချက်အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။</td></tr>
</table>

## ၄။ အခြေခံအဆောက်အဦနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

လူထုဗဟိုပြုစီမံကိန်း စက်ဝန်း၏ သုံးလပတ်အတွင်း Conflict area များမှ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### လှိုင်းဘွဲ့မြို့နယ်

လှိုင်းဘွဲ့မြို့နယ်တွင် Conflict area ရှိ ကျေးရွာအုပ်စု (၄) အုပ်စု၊ ကျေးရွာ (၂၆)ရွာမှာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက် သွားရမည်ဖြစ်သော်လည်း လက်ရှိမြေပြင်အခြေအနေအရ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

### ကြာအင်းဆိပ်ကြီးမြို့နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရကျန်ရှိသော ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ (၂၉) ရွာ၊ လုပ်ငန်းခွဲ(၁၇)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။

### ဖားဆောင်းမြို့နယ်

ဖားဆောင်းမြို့နယ်တွင် ပထမနှစ်စက်ဝန်းမှ ယနေ့အချိန်အထိ ကျေးရွာ အုပ်စု (၅) အုပ်စု၊ ကျေးရွာ(၄၀)မှာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရပြီး လုပ်ငန်းခွဲများ စတင်ဆောင်ရွက်ခွင့် ရရှိခဲ့သော်လည်း လက်ရှိမြေပြင်အခြေအနေအရ ဆက်လက်ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

### ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာ (၁၇) ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်က မြေရာကိစ္စ Issue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

### ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ(၉)ရွာ ကျန်ရှိပါသည်။ ယခုအခါ ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ(၁၂)ရွာအား KNU မှ ဆိုင်းငံ့ထားပါသည်။ (KNU ၎င်းတို့၏ Deep control Area များတွင် ရှိခြင်း)

### ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ်သည် ဒုတိယနှစ်စက်ဝန်းတွင် နယ်မြေအေးချမ်းသော ကျေးရွာအုပ်စု (၅၈) အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲပေါင်း(၁၁၅)ခု ဆောင်ရွက်လျက်ရှိရာ(၄၃)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိသော လုပ်ငန်းခွဲများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်သည် ကျေးရွာအုပ်စု (၉၄) အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲ ပေါင်း(၃၂၇)ခု ဆောင်ရွက်လျက်ရှိရာ(၂၉၉) ခုမှာ(၁၀၀%)ဆောင်ရွက် ပြီးဖြစ်ပြီးကျန်ရှိသည့် လုပ်ငန်းခွဲများအား နယ်မြေလုံခြုံရေးပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။ နယ်မြေအခြေအနေအရကျန်ရှိခဲ့သော ကျေးရွာအုပ်စု(၈)အုပ်စု၊ ကျေးရွာ(၂၁)ရွာ၊ လုပ်ငန်းခွဲ(၃၂)ခု ဆောင်ရွက်လျက်ရှိရာ (၂၈)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်၍ ကျန်ရှိသော လုပ်ငန်းခွဲများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

**၅။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ ၁၁၀ ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား (၁၀) ဖြင့်ဖော်ပြထားပါသည်။

**၆။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ**

၂၀၂၀ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၂၄၀ ခု လက်ခံရရှိပြီး အကြံပြုစာ ၂ စောင် ( ၀.၄ %) သည် **"core grievances" (**စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း**))** များဖြစ်သည်။ **(၃၁-၃-၂၀၂၁)** ရက်နေ့အထိ ၂၄၀**(**၁၀၀ % **)**ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ **(**ဇယား- ၈,၉**)**

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၂၁ ခုနှစ် မတ်လထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၂၉၉၂ စောင် လက်ခံရရှိ ပြီး ၂၉၉၂ **(**၁၀၀ %**)** ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

တုန့်ပြန်မှုကြာချိန်၊ မူရင်း၊ ဦးတည်ရာနှင့်စုဆောင်းမှုယန္တရားများကိုအောက်ဖော်ပြပါအပိုင်း ၃ နှင့် ၄ တွင်ဖော်ပြထားသည်။

**သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း**

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၂၄(၁၀%**)** စောင်၊ မြို့နယ်အဆင့်တွင်၂၀၃ (၈၄%)စောင် နှင့် ပြည်ထောင်စုအဆင့်တွင် ၁၃(၆%) လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၁၂၄(၅၁%)စောင်၊ အမျိုးသမီး များမှ ၈၆(၃၆%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၃၁(၁၃%) စောင် လက်ခံရရှိ ခဲ့ပါသည်။

- ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၁၇၅(၇၃%)စောင်၊ လူကိုယ်တိုင် ၂၆(၁၁%)စောင်၊ တယ်လီဖုန်းဖြင့် ၁၈(၇.၅%)စောင်၊ E-mail ၈(၃%) ကျေးရွာ အစည်းဝေး ၇(၃%)စောင်၊ အကြံပြု ကိုယ်စားမှ တဆင့် ၁(၀.၅%)စောင်၊ အခြားဖြင့် ၅(၂%) လက်ခံရရှိခဲ့ပါသည်။ ဝေဖန် အကြံပြု တိုင်ကြားစာ ၂၃၉ (၉၉%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာများ ဖြစ်သည်။

## ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

ယခု သုံးလပတ်အတွင်း ကျေးဇူးတင်စာများကို(၇)ရက်မှ(၄၅)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်း များဆိုင်ရာ သာမန်မေးမြန်းစုံစမ်းခြင်း စားများကို(၁၅) ရက်အတွင်း၊ အကြံပြုစာများကို (၃၃)အတွင်း၊ တာဝန်ယူ နိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၂) အတွင်း၊ ဝန်ထမ်းရေးရာနှင့် အခြား အကြောင်းအရာများကို(၉)ရက် အတွင်း(စီမံကိန်းနှင့်ပတ်သတ်သော ကဏ္ဍများ၊ ဝန်ထမ်းများ၏အခွင့်အလမ်းများ)၊ လမ်းညွှန်ချက်များ(သို့)လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း ကိစ္စရပ်များကို အများဆုံး (၂၇)ရက်အတွင်း ပျမ်းမျှဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ် အတွင်း လက်ခံရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာအားလုံးကို ဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ပါသည်။

**Core Grievances** များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း- ၂ စောင်

## ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်ကြားချက်များသည် မြို့နယ်များသို့ အချက်အလက်များ ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပတ်သက်၍ Covidကာလနှင့် သုံးလပတ်အတွင်း လုံခြုံမှုမရှိသော အခြေအနေများကြောင့် မြို့နယ်များသို့ ကွင်းဆင်းသွားရောက်နိုင်ခြင်း မရှိခဲ့ပါ။

## ဝန်ထမ်းအခြေအနေ

ယခုသုံးလပတ်အတွင်း Union GHM အဖွဲ့ဝင် (၃)ဦးသည် မြို့နယ်များသို့ ပြောင်းရွှေ့ခဲ့ပြီး အကြံပေးတစ်ဦးတည်းသာ ကျန်ရှိပါသည်။ ပြည်ထောင်စုအဆင့် GHMတွင် အတွေ့အကြုံရှိသော ဝန်ထမ်းတစ်ဦး လိုအပ်လျက်ရှိပါသည်။

## ၇။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ

ကျေးရွာကော်မတီဝင်များအတွက် ကျား၊မရေးရာအကြောင်း ပညာပေးဆွေးနွေးမှုများကို ရွှေကျင်မြို့နယ် (ပန်းတောင်း၊ သဲကုန်း)၊ တွန်းဇံမြို့နယ်၊ ပူတာအို မြို့နယ်၊ ကျွန်းလှ မြို့နယ်၊ မောက်မယ်မြို့ နှင့် ဧရာဝတီတိုင်း (ဓနုဖြူ၊ အင်္ဂပူ မြို့နယ်) တို့တွင် ဆောင်ရွက်ကြပြီး ဆွေးနွေးပွဲတွင် ကျား၊မရေးရာ အခန်းကဏ္ဍဆိုင်ရာဆောင် ရွက် ချက် ဖြစ်သည့် အမျိုးသမီးများ၏ လုပ်နိုင်စွမ်းများ၊

ခေါင်းဆောင်မှု နှင့် အမျိုးသမီးရွေးချယ် သော လုပ်ငန်းများ ပါဝင်လာနိုင်စေရေး၊ လုပ်အားခတန်းတူ ပေးချေရေး၊ ကျား၊ မ အချိုး ညီစွာပါဝင်စေရေး၊ အမျိုးသမီး ကော်မတီဝင်များ၏ အရေးပါပုံများကို ထည့်သွင်းဆွေးနွေးကြပါသည်။

ကျေးရွာအဆင့် ကျား၊မရေးရာ သင်တန်း၊ ပညာပေးဆွေးနွေးဆောင်ရွက်မှုများကို အင်ပူမြို့နယ်မှ ကော်မတီဝင်ပေါင်း- ၁၃၂၃ဦး (ကျား ၆၇၁၊ မ ၆၅၂)၊ ရွှေကျင်မြို့နယ်တွင် ကော်မတီဝင်ပေါင်း ၃၉၉ ဦး (ကျား-၁၉၂၊ မ-၂၀၇)၊ ကျေးရွာလူထု ပေါင်း ၂၆၃ ဦး (ကျား-၁၃၆၊ မ- ၁၂၇)၊ တွန်းဇံမှ ကော်မတီဝင်ပေါင်း ၃၄၃ဦး (ကျား-၁၈၇၊ မ-၁၅၆)၊ ကျေးရွာလူထုပေါင်း- ၂၅၉ဦး (ကျား- ၁၄၅၊ မ- ၁၁၄ )၊ ကျွန်းလှမြို့နယ်မှ ကော်မတီဝင်ပေါင်း ၂၅၇ ဦး (ကျား-၁၃၆၊ မ-၁၂၁)၊ ကျေးရွာလူထုပေါင်း -၂၂၇ ဦး (ကျား-၁၀၉၊ မ-၁၁၈)၊ မောက်မယ်မြို့တွင် ကော်မတီဝင်ပေါင်း - ၅၇၈ ဦး (ကျား- ၃၁၉၊ မ-၂၅၉)၊ ကျေးရွာလူထုပေါင်း- ၈၅၉(ကျား- ၅၄၆၊ မ-၃၁၃)၊ ပူတာအိုမြို့နယ်တွင် ကော်မတီဝင်ပေါင်း -၅၉ ဦး (ကျား-၃၂ ၊ မ-၂၇)၊ ကျေးရွာလူထုပေါင်း -၁၈ ဦး (ကျား-၁၀၊ မ-၈)၊ ဧရာဝတီတိုင်းမှ ကော်မတီဝင်ပေါင်း -၁၃၂၃ ဦး (ကျား-၆၇၁၊ မ-၆၅၂)၊  ကျေးရွာလူထုပေါင်း - ၃၈၁ (ကျား- ၁၇၇၊ မ- ၂၀၄) တို့ ရရှိပါသည်။

ကျေးရွာကော်မတီအစည်းအဝေးတွင် ကျား၊မရေးရာ အခန်းကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက် ဖြစ်သည့် အမျိုးသမီးများ ပူးပေါင်း ပါဝင်လာနိုင်စေရေး၊ လုပ်ကိုင်နိုင်မှုစွမ်းရည်များ မြှင့်တင်ပေးရေး၊ တန်းတူ အကျိုးခံစားခွင့်များရှိကြောင်း တိုက်တွန်းဆွေးနွေးပြီး  ကျေးရွာစီမံခန့်ခွဲမှုများ အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းတွင် ကျား၊မ လုပ်သား ပါဝင်မှုများ  ကြည့်ရှုခြင်း၊ ကျား၊ မရေးရာဆိုင်ရာ လိုအပ်ချက်(၆)ချက် ရှင်းလင်းခြင်းတို့ လုပ်ဆောင်ကြပါသည်။

စီမံကိန်းလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်မှုကြောင့် ယုံကြည်မှုများ ရှိလာ၍ ဝယ်ယူရေးပိုင်း၊ ဘဏ္ဍာရေးပိုင်း၊ လုပ်ငန်းကြီးကြပ်သည့် အပိုင်း၊ စီမံခန့်ခွဲသည့်အပိုင်းများတွင် လုပ်ဆောင်မှုများ တိုးတက်လာကြပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် ကျေးရွာကော်မတီဝင် အမျိုးသမီးများလုံခြုံစိတ်ချစွာ သွားလာရန် စီစဉ်ပေးကြပါသည်။

## ပြည်ထောင်စုအဆင့် စောင့်ကြည့်လေ့လာခြင်းနှင့်ဆောင်ရွက်မှုများမှာ-

- 26-29 January 2021 တွင် ပြုလုပ်သည့် Start-up training အတွက် မြို့နယ်အသစ် နှင့် စီမံကိန်း ဆောင်ရွက်ဆဲဖြစ်သော ပြည်နယ်နှင့်တိုင်းများ (Old twonships) မှ နည်းပညာ ဝန်ထမ်းများ၊ Gender Focal များ၊ CSAGများ နှင့် Union staff စုစုပေါင်း ၁၄၀ ဦးတို့အား Gender training ပေးခဲ့ပါသည်။
- စီမံကိန်းမြို့နယ်သစ် (၁၃) မြို့နယ် နှင့် ပြည်နယ် နှင့် တိုင်းများ မှ Gender focal များ၊ CSAGများ၊ Union staff အတွက်၂ ရက်တာ ပြုလုပ်မည့် TOT training (parallel session) အား ဖေဖော်ဝါရီလ ၁-၂ တွင် virtual conferencing ဖြင့် ပြုလုပ်ရန် စီစဉ်ခဲ့ပါသည်။

- ISM 21 (Gender and Social Inclusion) နှင့် CFW project အတွက် ကမ္ဘာ့ဘဏ်နှင့် ဆွေးနွေးဆောင်ရွက်မှုများပြုလုပ်ပါသည်။

## ပြည်ထောင်စုအဆင့် အကြံပြုချက်များ

- အမျိုးသမီးများ၏ အခန်းကဏ္ဍတိုးတက်ရန်အတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ကျား၊မ တန်းတူညီမျှရေး လုပ်ဆောင်မှု၏ အဓိက ရည်မှန်းချက်နှင့် ကျား၊မ အခန်းကဏ္ဍများ ကို ပိုမိုနားလည်စေရန် ကျား၊ မရေးရာ အသိပညာပေးမှုနှင့် စဉ်ဆက်မပြတ် ဆွေးနွေးမှုကို ဆောင်ရွက်သင့်သည်။
- အမျိုးသမီးကွန်ယက်အဖွဲ့ဝင်များအား သင်တန်းများပေးခြင်း၊ ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် အသက်မွေးလုပ်ငန်းများတိုးချဲ့နိုင်ရန်အတွက် အခွင့်အရေးများ ဖော်ဆောင်ရန် လိုအပ်ပါ သည်။

## ၈။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)

ယခုသုံးလပတ်အတွင်း စီမံကိန်းမြို့နယ်(၉)မြို့နယ်မှ ကျေးရွာအုပ်စု (၇၁)အုပ်စုအတွက် block grants စုစုပေါင်း မြန်မာငွေကျပ် ၂.၇၉၇ ဘီလီယံအား မြို့နယ်များသို့ ထုတ်ပေးပြီး ဖြစ်ပါသည်။ **IDA** ချေးငွေ(၇၀**%**)၊အီတလီချေးငွေ(၂၉**%**)နှင့်**DFID**(၁**%)**ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။

| Township | No. of VTs | Amount | FINANCIERS | | | | |
|---|---|---|---|---|---|---|---|
| | | | Government | Loan | Italy Soft Loan | DFID | Remarks |
| Pharsaung | 1 | 40,000,000 | | | | 40,000,000 | |
| Hlaingbwe | 1 | 55,000,000 | | 55,000,000 | | | |
| Mabin | 16 | 640,000,000 | | 640,000,000 | | | |
| Maukmae | | 587,328 | | | | 587,328 | Fud transfer from IDA Loan to DFID account |
| Maukmae | | - 587,328 | | - 587,328 | | | |
| Ponnarkyun | 20 | 622,000,000 | | | 622,000,000 | | |
| Putao | 14 | 724,000,000 | | 724,000,000 | | | |
| Swekyin | 7 | 328,000,000 | | 328,000,000 | | | |
| Thegon | 5 | 209,000,000 | | 209,000,000 | | | |
| Tonzang | 7 | 179,000,000 | | | 179,000,000 | | |
| | **71** | **2,797,000,000** | **-** | **1,955,412,672** | **801,000,000** | **40,587,328** | |
| | | | | **70%** | **29%** | **1%** | |

## အရေးပေါ်အခြေအနေ တုန့်ပြန်မှု

သုံးလပတ်အတွင်း IRM၊ Cash for Workနှင့် ကျေးရွာလှည့်လည်ရန်ပုံငွေများ သုံးစွဲခြင်း မရှိပါ။

## Budget

ယခုနှစ်အတွက် ဘတ်ဂျတ်အား ပြန်လည်ပြင်ဆင်ခြင်း။

**အီတလီ Soft Loan**

သုံးလပတ်အတွင်း အီတလီရန်ပုံငွေမှ ပုဏ္ဏားကျွန်းမြို့နယ်အတွက် ကျေးရွာအုပ်စု(၂၀)နှင့် တွန်းဇံမြို့နယ်အတွက် ကျေးရွာအုပ်စု(၇)တို့အား လွှဲအပ်ပေးထားပြီး ဖြစ်ပါသည်။

**စာရင်းစစ်**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လူထုဗဟိုပြုစီမံကိန်းအတွက် စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ် အစီရင်ခံစာ လက်ခံရရှိခြင်းမရှိပါ။ အီတလီ Soft Loan အတွက် ငွေပေးချေမှု လုပ်ငန်းစဉ်များ ကျန်ရှိနေပါသဖြင့် စာရင်းစစ်နောက်ဆုံးအစီရင်ခံစာအတွက် ဆောင်ရွက်နိုင်ခြင်းမရှိပါ။

**၉။ ဝယ်ယူရေး အခြေအနေ**

ဆဌမနှစ်စီမံကိန်းစက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့နယ်(၁၃) မြို့နယ် အနက် မြို့နယ် (၇) မြို့နယ်အတွက် Direct Selection နည်းလမ်းဖြင့် နည်းပညာအကြံပေးအဖွဲ့ (၇) ဖွဲ့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ငှားရမ်းခဲ့ပြီး အကြံပေးအဖွဲ့များကို ၂၀၂၀ ဒီဇင်ဘာလတွင် သက်ဆိုင်ရာ မြို့နယ် (၇) မြို့နယ်သို့ စတင်တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ အဆိုပါ မြို့နယ် (၇) မြို့နယ်တွင် သက်ဆိုင်ရာ အကြံပေးအဖွဲ့များမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ CF/TF ရွေးချယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရွေးချယ်ခြင်း အစီရင်ခံစာအား စာချုပ်ပါအရ ဦးစီးဌာနသို့ ခွင့်ပြုချက်ရရှိနိုင်ရေး တင်ပြထားရှိခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကာလအတွင်း ကျန်မြို့နယ် (၆) မြို့နယ်အတွက် အကြံပေး အဖွဲ့များကို QBS နည်းလမ်းဖြင့် ရွေးချယ်ရာတွင် အကဲဖြတ်ရွေးချယ်ခြင်း အစီရင်ခံစာများအား အပြီးသတ် ဆောင်ရွက်နိုင်ခဲ့သော်လည်း COVID-19 ဖြစ်ပွားမှုနှင့် လက်တလောအခြေအနေတို့ကြောင့် အကဲဖြတ် အစီရင်ခံစာကို ကမ္ဘာ့ဘဏ်သို့ ဆက်လက် ပေးပို့တင်ပြနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

တိုးချဲ့ဆောင်ရွက်မည့် မြို့နယ် (၁၃) မြို့နယ်အတွက် လိုအပ်သည့် ကွန်ပျူတာ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ရုံးအသုံးအဆောင်တို့ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ သက်ဆိုင်ရာ မြို့နယ်များသို့ ဖြန့်ဝေခဲ့ရာ ၂၀၂၁ ခုနှစ်၊ ပထမ(၄) လပတ်အတွင်း အဆိုပါလုပ်ငန်းများ အားလုံးပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

**၁၀။ သတင်းပြန်ကြားဆက်သွယ်ရေး**

စီမံကိန်းသတင်းများကို လူမှုမီဒီယာနှင့်ဝက်ဘ်ဆိုက်ဒ်၊ မီဒီယာများတွင် သတင်းထုတ်ပြန်ခြင်း နှင့် စီမံကိန်းများအတွက် **IEC** ပစ္စည်းများ (ဗီနိုင်း ၉ ခုနှင့်စီမံကိန်းဆိုင်းဘုတ်)များကို မြို့နယ်များသို့ ပေးပို့ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ပြည်နယ်/ တိုင်းဒေသကြီးနှင့် မြို့နယ်များအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းခွင်ဝင်သင်တန်းများကို ပြုလုပ်ခဲ့ပါသည်။

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)

စီမံကိန်းစက်ဝန်းတတိယနှစ်သို့ ရောက်ရှိလာသော မြို့နယ်(၁၆)မှာ VDP စာအုပ်များကို Upload ပြုလုပ်နေပြီး (၁၀၀%) တင်ပြီးသော မြို့နယ် (၁၀) မြို့နယ်ရှိပါသည်။

### မြို့နယ်(၁၆)မြို့နယ်၏ VDPစာအုပ်များWebsiteတွင် တင်ထားမှုအခြေအနေ

| No | Township | VDP Total | upload on website (Y-7) | % of VDP upload | Remarks |
|---|---|---|---|---|---|
| 1 | Mabein | 57 | 57 | 100% | |
| 2 | Maukmai | 105 | 104 | 100% | |
| 3 | Momgkhet | 148 | 147 | 100% | |
| 4 | Tongzang | 93 | 93 | 100% | |
| 5 | Putao | 113 | 113 | 100% | |
| 6 | Shwegu | 86 | 88 | 100% | |
| 7 | Kawtkareik | 258 | 258 | 100% | |
| 8 | Hlaingbwe | 397 | 394 | 99% | |
| 9 | Kyunhla | 114 | 114 | 100% | |
| 10 | Kani | 201 | 200 | 100% | |
| 11 | Thegon | 308 | 308 | 100% | |
| 12 | Shwegyin | 103 | 73 | 70% | |
| 13 | Ponnagyun | 194 | 0 | 0% | |
| 14 | Gwa | 166 | 106 | 63% | |
| 15 | Ingapu | 643 | 450 | 69% | |
| 16 | Danubyu | 457 | 456 | 99% | |

## ၁၂။ အသိပညာနှင့် လေ့လာသင်ယူခြင်း

| | သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု | ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင် ချက်များ |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ဆင့်မနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၈၈၄၃ အနက် ၈၆၂၀ (၉၇.၄၇%) ပြီးစီးခဲ့ပါသည်။ | • ကျန်ရှိသည့် လူထုစစ်ဆေးပွဲ များအား လာမည့် သုံးလပတ်အတွင်း အပြီးသတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ |

| | | |
|---|---|---|
| | • ကာလအဆုံး၌ သတ္တမနှစ်မြို့နယ်၃၈ မြို့နယ် အတွက် လူထုစစ်ဆေး ၅၃၃၂ အနက် ၃၈၁၉ (၇၁.၆၂%) ပြီးစီးခဲ့ ပါသည်။ | |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ် ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်း လက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား **Covid-19** ရောဂါကြောင့် မြို့နယ်အဆင့် သုံးသပ် ဆွေးနွေးပွဲများ ကျင်းပပြုလုပ် နိုင်ခြင်း မရှိပါ။ | • စီမံကိန်းမြို့နယ်အရေအတွက် များပြား လာခြင်းနှင့် **Covid-19** ကာလဖြစ်သော ကြောင့် **UMSR** ဆွေးနွေးပွဲ ကျင်းပနိုင်ရန် စီမံခန့်ခွဲမှု နည်းလမ်းအသစ်များ ဖန်တီးရပါမည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်းဆဋ္ဌမနှစ် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း **(**၁၀၆၄၃**)** ခု အနက် (၁၀၂၀၈) ပြီး မြောက်သည့် အတွက်၉၆**%**ပြီးမြောက်ခဲ့ပါသည်။<br><br>• သတ္တမနှစ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစု ပေါင်း **(**၆၆၆၆**)** ခု အနက် (၆၄၅၀) ပြီး မြောက်သည့်အတွက် ၉၆.၇၅**%** ပြီးမြောက် ခဲ့ပါသည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆက်လက် လုပ်ဆောင်သွား ပါမည်။ |

## ၁၃။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | • ပြည်ထောင်စုအဆင့် မြို့နယ်သစ် (၁၃) မြို့နယ်အနက် (၇)မြို့နယ်အား လုပ်ငန်းခွင်ဝင် သင်တန်းနှင့် ဌာန စိတ်အလိုက် မွမ်းမံ သင်တန်းများ လည်းပို့ချပြီးဖြစ်ပါသည်။ နောက်သုံးလပတ်တွင် **ISM-21** အား **Video Convencing**ဖြင့် ဇန်နဝါရီလ အတွင်းကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။<br>• ဝန်ထမ်းအင်အားစာရင်းအား ဇယား ဖြင့်ဖော်ပြထားပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေအနေမှာ ၃၁/၃/၂၀၂၁ ထိ အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆ | ဆက်လက်ဆောင်ရွက်ချက် **- ၁)** ပြည်ထောင်စုအဆင့် မြို့နယ်သစ် (၁၃) မြို့နယ်အနက် (၆)မြို့နယ်အား လုပ်ငန်းခွင်ဝင်သင်တန်း နှင့် ဌာနစိတ်အလိုက် မွမ်းမံ သင်တန်းများ ပို့ချသွားမည် ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေ အနေအချို့သော ခြွင်းချက်နှင့်အတူ အဆိုပါ မြို့နယ် များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်း ကိုကောင်းစွာ အကောင် အထည်ဖော် လုပ်ဆောင်ကြ ရမည်။ |

## ၁၄။ အခက်အခဲနှင့် စိန်ခေါ်မှုများ

### စောင့်ကြည့်ကြီးကြပ်ရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေး

COVID-19ကာလအတွင်းဖြစ်သောကြောင့် သင်တန်းများပို့ချရာတွင် Video Comfrecing စနစ်ဖြင့် ပို့ချရသောကြောင့် ထိရောက်မှု အားနည်းသည်။ COVID-19ကာလဖြစ်သောကြောင့် ကျေးရွာများသို့ ကွင်းဆင်းရာတွင် အနည်းငယ် ခက်ခဲသောကြောင့် အချက်အလက်များ တင်သွင်း ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ မြို့နယ်များတွင် ဝန်ထမ်းများ ပြောင်းရွှေ့ခြင်း/ လစ်လပ် သွားသောကြောင့် အချက်အလက်များ တောင်းခံရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါသည်။

**ကျားမရေးရာနှင့်လူမှုဆိုင်ရာများ**

လူမှုဆိုင်ရာပူးပေါင်းပါဝင်မှုကဏ္ဍအတွက် ဆောင်ရွက်ရာတွင်တွေ့ရှိရသောအခက်အခဲ အကျဉ်းချုပ်မှာ-

- စိုက်ပျိုးရာသီ နှင့် ရိပ်သိမ်းချိန် တို့တွင် အမျိုးသမီးပါဝင်မှုအားနည်းခြင်း၊ ကျားမအချိုး တူရေးအတွက် အခက်အခဲရှိခြင်း၊
- အစည်းအဝေးနှင့် သင်တန်းများပြားခြင်းကြောင့် တက်ရောက်ရန် စည်းရုံးပြောဆိုရခြင်း၊ စောင့်ဆိုင်းရသည့်အခက်အခဲများရှိခြင်း၊
- ကိုဗစ်ရောဂါကြောင့်ရွာလုံးကျွတ်အစည်းအဝေးများခေါ်ရန် ခက်ခဲခြင်း၊

**၁၅။ နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

**သင်တန်း**

နောက်သုံးလပတ်တွင်မြို့နယ် (၇) မြို့နယ်အတွက် TOT ပထမအကြိမ် သင်တန်းကိုပို့ချမည်ဖြစ်ပါသည်။ ကျန်ရှိသည့် မြို့နယ်(၁၃)မြို့နယ်အတွက် Start-up သင်တန်းကို ပို့ချသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စု သင်တန်းအဖွဲ့သည် Cash for Work (CfW) စီမံကိန်း **Round II** အတွက် စီမံကိန်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည်။

**Planning for next quarter (April-June 2021)**

| S/N | Detail description | Participants | Time frame | Remark |
|---|---|---|---|---|
| 1 | TOT 1 training (Virtual with breakout sessions)* | 2 DRDs and 2 TTAs from each Tsp<br>(Total 4 pax@7 tsps=28) | Apr-June '2021 | 7 out of 13 new townships |
| 2 | Start-Up training round 2<br>(Virtual with breakout sessions) | 7 DRDs and 5 TTAs from each Tsp<br>(Total 12 pax@6 tsps=84) | Apr-June '2021 | 6 out of 13 new townships |
| 3 | CfW planning | Union staffs | Apr-June '2021 | |

မှတ်ချက်။ ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့မှ မြို့နယ်စီမံကိန်း ရုံးများ၏ တောင်းဆိုချက်များအရ **TOF-1, 2,3** မွမ်းမံသင်တန်းများကို ကွင်းဆင်းပို့ချသွားမည် ဖြစ်ပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

နောက်သုံးလပတ်တွင် ဆောင်ရွက်မည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- စီမံကိန်းဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်များအား M&E/ MIS Sectionအနေဖြင့် Online စနစ်ဖြင့် Refresner Training ပို့ချ ဆောင်ရွက်မည် ဖြစ်ပါသည်။
- စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ**

Union GHM အဖွဲ့သည် M&E/MIS system ထဲမှ ဝေဖန်အကြံပြုအချက်အလက်များအား ပြန်လည်စီစစ်နေပါသည်။

**ဝယ်ယူရေးအစီအစဉ်**

လက်ရှိဖြစ်ပေါ်နေသည့်မြေပြင်အခြေအနေအရ စီမံကိန်းလုပ်ငန်းအချို့အား ယာယီရပ်နားခဲ့ရာ ထပ်တိုးမြို့နယ်အသစ် (၁၃) မြို့နယ်အနက် စာချုပ်ချုပ်ဆိုထားသည့် အကြံပေးအဖွဲ့ (၇)ဖွဲ့နှင့် ဆောင်ရွက်ဆဲ (၁၆ ) မြို့နယ်အတွက် ချုပ်ဆိုထားသည့် စာချုပ်များကို Force Majeure အခြေနေအရ ရက်ပေါင်း (၆၀) ယာယီရပ်နားခွင့်ကို ဝန်ကြီးရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။ အဆိုပါ ရက်ပေါင်း (၆၀) ပြီးဆုံးမည့် (၃၀-၆-၂၀၂၁)ရက်နေ့အတွင်း စီမံကိန်း လုပ်ငန်း များအား တိုးချဲ့ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းမရှိသည့်အတွက်ကြောင့် ဖော်ပြပါ မြို့နယ်များ အတွက် ချုပ်ဆိုထားသည့် စာချုပ်များကို အပြီးသတ် ရပ်နားခွင့်ရရှိရန် ဝန်ကြီးရုံးသို့ ဆက်လက် တင်ပြသွားမည် ဖြစ်ပါသည်။

"၂၀၂၀-၂၀၂၁ စက်တင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည့် အစီအမံ"အရ မြို့နယ် (၁၆) မြို့နယ် အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည့် အကြံပေးဝန်ထမ်း (၁၇)ဦး၊ Infra/Assistant (၁၃) ဦးနှင့် CF/TF များကို ဇူလိုင်လအတွင်းခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချထားခဲ့ပြီး ရုံးပုံသေပိုင် ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊ ခွဲဝေချထားခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေးအစီအစဉ်**

- Italy Soft Loanမှ နောက်ဆုံးထောက်ပံ့ရန် ကျန်နေသော ရန်ပုံငွေများအား ထောက်ပံ့ပေးခြင်း၊
- အီတလီချေးငွေစာချုပ်၏ နောက်ဆုံးဘဏ္ဍာရေး စစ်ဆေးမှုအတွက် ပြင်ဆင်ခြင်း၊
- ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည် ပြင်ဆင်ခြင်း၊

- ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ သုံးလပတ် (ဧပြီလ-ဇွန်လ)အတွက် အစီရင်ခံစာအား ၁၅-ဩဂုတ်-၂၀၂၁ မတိုင်မီ တင်သွင်းရန်၊

## သတင်းပြန်ကြားဆက်သွယ်ရေးအစီအစဉ်

- စီမံကိန်းမြို့နယ်များသို့ စောင့်ကြည့်လေ့လာရန်၊
- စီမံကိန်းမြို့နယ်များသို့မီဒီယာစောင့်ကြည့်လေ့လာမှုပြုလုပ်ရန်၊

## ၁၆။ အရေးပေါ်ကာလအခြေအနေတွင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ

၁။ လူထုဗဟိုပြုစီမံကိန်း NCDDP ကို လက်ရှိဖြစ်ပေါ်နေသည့် မြေပြင်အခြေအနေအရ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခက်အခဲရှိခြင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင် ဝင်ရောက်မှု မရှိ၍ ဝန်ထမ်းအင်အားနည်းပါးခြင်း၊ အင်တာနက်ချိတ်ဆက်မှုများ ပြတ်တောက်၍ ဆက်သွယ် ဆောင်ရွက်ရန် အခက်အခဲရှိခြင်း စသည်တို့အပေါ်မူတည်၍ ရက်နေ့တွင် (၂၀၂၁.၂.၂၆) ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ လက်ရှိဆောင်ရွက်နေသည့် ဆောင်ရွက်ဆဲ စီမံကိန်းမြို့နယ်နှင့် စီမံကိန်းမြို့နယ် အသစ်များ၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပက်သက်၍ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်-

(က) မြို့နယ်အသစ်ဖြစ်သည့် ငဖဲ၊ မာန်အောင်၊ ခရ္စီးနှင့် မင်းတပ်မြို့နယ်များကို လုပ်ငန်းစဉ် အဆင့်အတိုင်း ဆက်လက်ဆောင်ရွက်ခြင်း၊

(ခ) Block Grant ခွဲဝေလျာထားမည့် ဦးစားပေးမြို့နယ်၏စာရင်းရေးဆွဲခြင်း၊

(ဂ) ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချပြ၍ စာချုပ်ချုပ်ဆိုထားသည့် TTA Service Provider အဖွဲ့များမှ ဆောင်ရွက်မည့် အစီအစဉ်ကို ပြန်လည်ရေးဆွဲတင်ပြစေခြင်း၊

(ဃ) လုပ်ငန်းခွင်ဝင်ရောက်မည့်မရှိသည့် စီမံကိန်းဝန်ထမ်းများအား သက်ဆိုင်ရာ TTA Service Provider အဖွဲ့များနှင့် စီမံကိန်းမြို့နယ်ဦးစီးမှူးများမှ စာချုပ်ပါ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊

(င) Direct Payment ဖြစ်သည့် INGO Payment အတွက် ပေးချေနိုင်ရန် World Bank သို့ဆောင်ရွက်မည့် အစီအစဉ်နှင့်အတူ Special Request တောင်းခံခြင်း၊

(စ) စီမံကိန်းကို ကျေးရွာလူထု၏ ပူးပေါင်းပါဝင်နိုင်မှု၊ စီမံကိန်းဝန်ထမ်းများ၏ လုပ်ငန်း ခွင်ဝင်ရောက်မှုအခြေအနေ၊ ရန်ပုံငွေ ကန့်သတ်ချက်စသည့် ရရှိနိုင်မည့် အရင်းအမြစ် ပေါ်မူတည်၍ စီမံကိန်းကိုအကျိုးရှိ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်နှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စီမံချက် မူကြမ်းအားရေးဆွဲစေခြင်း၊

(၂၆.၂.၂၀၂၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှတ်တမ်းအား နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းအတွက်အကြံပေးငှားရမ်းထားရှိမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စီမံကိန်း မြို့နယ် | ROC | S/R infra | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကချင် | ၃ | ၁ | ၃ | |
| ၂ | ကယား | ၁ | | ၃ | သက်တမ်း ၁/၂၂ အထိ - ၁၂ ဦး |
| ၃ | ကရင် | ၃ | ၁ | ၂ | သက်တမ်း ၉/၂၁ အထိ - ၁၀ ဦး |
| ၄ | ချင်း | ၂ | ၁ (စစ်ကိုင်း) | ၂ | သက်တမ်း ၈/၂၂ အထိ - ၁ ဦး |
| ၅ | တနင်္သာရီ | ၁ | ၁ (တနင်္သာရီ) | ၁ | သက်တမ်း ၅/၂၁ အထိ - ၂ ဦး |
| ၆ | စစ်ကိုင်း | ၃ | | ၃ | သက်တမ်း ၂/၂၁ အထိ - ၁၁ ဦး |
| ၇ | ပဲခူး | ၃ | ၁ | ၃ | စုစုပေါင်း - ၃၆ ဦး |
| ၈ | မကွေး | ၁ | ၁ | ၂ | လက်ရှိကာလ ရုံးတက် - ၁၅ ဦး |
| ၉ | မန္တလေး | ၁ | ၁ | ၂ | |
| ၁၀ | မွန် | ၁ | | ၃ | |
| ၁၁ | ရခိုင် | ၄ | ၁ | ၃ | |
| ၁၂ | ရန်ကုန် | ၁ | ၁ | ၂ | |
| ၁၃ | ရှမ်း | ၄ | | ၃ | |
| ၁၄ | ဧရာဝတီ | ၃ | ၁ | ၄ | |
| ၁၅ | နေပြည်တော် | | | | |
| | စုစုပေါင်း | ၃၁ | ၁၀ | ၃၆ | |

**၂၀၂၀-၂၀၂၁ စီမံကိန်း(၁၆)မြို့နယ်၏ စည်းရုံးရေးမှူးနှင့် အကြံပေးများခန့်ထားမှုနှင့် ရုံးတက်ရောက်မှုအခြေအနေ**

| စဉ် | မြို့နယ် | TTA တက်ရောက်/ရှိရင်း | CF တက်ရောက်/ရှိရင်း | TF တက်ရောက်/ရှိရင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပူတာအို | ၄/၇ | ၅/၁၄ | ၄/၈ | |
| ၂ | ရွှေကူ | ၅/၅ | ၅/၉ | ၃/၅ | |
| ၃ | တွန်းဇံ | ၅/၄ | ၁၆/၁၆ | ၉/၉ | |
| ၄ | ပုဏ္ဏားကျွန်း | ၄/၄ | ၁၆/၁၆ | ၆/၈ | |
| ၅ | ဖူ | ၂/၅ | ၄/၂၀ | ၅/၁၁ | |
| ၆ | လှိုင်းဘွဲ့ | -/၅ | ၄/၅၆ | -/၃၂ | |
| ၇ | ကော့ကရိတ် | ၅/၅ | ၅/၃၁ | ၄/၁၉ | |
| ၈ | မောက်မယ် | -/၅ | ၁၃/၁၃ | ၇/၇ | |
| ၉ | မဘိမ်း | ၁/၅ | ၆/၆ | ၁/၄ | |
| ၁၀ | မိုင်းခတ် | ၅/၅ | ၁၀/၁၆ | ၅/၇ | |
| ၁၁ | သဲကုန်း | -/၅ | -/၄၀ | -/၂၂ | |
| ၁၂ | ရွှေကျင် | ၅/၅ | ၁၂/၁၂ | ၆/၈ | |
| ၁၃ | ခနုဖြူ | ၁/၆ | ၂၁/၅၆ | ၉/၃၂ | |
| ၁၄ | အင်္ဂပူ | ၃/၆ | ၂၂/၈၀ | ၉/၄၆ | |
| ၁၅ | ကျွန်းလှ | ၅/၅ | ၅/၁၄ | ၂/၈ | |
| ၁၆ | ကနီ | ၅/၅ | ၇/၂၄ | ၃/၁၄ | |

## ၁၇။ လူထုဗဟိုပြုစီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံချက်

## နှစ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်

၁။ စီမံကိန်းကို လက်လှမ်းမီရရှိနိုင်မည့် အရင်းအမြစ်များအပေါ် အခြေခံပြီး အကျိုးရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်-

**Phase Out မြို့နယ်များ**

(က) ပန်းတောင်းမြို့နယ်၏ ကျန်ရှိသည့် စီမံကိန်း လုပ်ငန်းခွဲ(၂)ခုအား ပြီးစီးအောင် ဆောင်ရွက်သွားပါမည်။

(ခ) ပလက်ဝမြို့နယ်၏ ဆောင်ရွက်ဆဲ စီမံကိန်း(၄၀)ခုအား နယ်မြေအခြေအနေပေါ် မူတည်၍ ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားပါမည်။

(ဂ) ဖားဆောင်း Cluster တွင် ဆောင်ရွက်ဆဲ လုပ်ငန်းခွဲ(၃)ခု အနက် (၂)ခုမှာ နယ်မြေကန့်သတ်ချက်ရှိသည့်အတွက် မြေပြင်သွားရောက်နိုင်မှသာ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်(၁)ခုအား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) မိုးညှိမြို့နယ်မှ လက်ကျန်ကျေးရွာအုပ်စု (၁)အုပ်စုအား ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆောင်ရွက်ဆဲ (၁၆)မြို့နယ်**

(က) ဆောင်ရွက်ဆဲ စီမံကိန်း(၁၆)မြို့နယ်မှ (၁၀၀) ရာခိုင်နှုန်းဆောင်ရွက်ပြီးသည့် စီမံကိန်း လုပ်ငန်းခွဲများကို စာရင်းစစ်ဆေးခံနိုင်ရန်အတွက် လိုအပ်သောစာရင်းဇယားများ ပြုစုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) တတိယနှစ်စက်ဝန်း ဆောင်ရွက်ဆဲ(၁၄) မြို့နယ်၏ စီမံကိန်းလုပ်ငန်းခွဲ(၆၆၈)ခုအား ပြီးစီးအောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) တတိယနှစ်စက်ဝန်းအတွက် BG လွှဲပို့ပြီးသော်လည်း မြေပြင်အခြေအနေအရ ၀ % ဖြစ်နေသော စီမံကိန်းလုပ်ငန်းခွဲ(၆၈၆)ခု၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ယခုဘဏ္ဍာရေးနှစ်တွင် ရပ်ဆိုင်းထားမည် ဖြစ်ပါသည်။

(ဃ) စတုတ္ထနှစ်စက်ဝန်းအတွက် BG လွှဲပို့ထားပြီးဖြစ်သော တွန်းဇံ၊ပူတာအိုု၊မဘိမ်း၊ရွှေကျင်မြို့နယ်တို့၏ ကျေးရွာအုပ်စုများကိုလည်း စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ခြင်းကို ယခုဘဏ္ဍာရေးနှစ်တွင် ရပ်ဆိုင်းထားမည် ဖြစ်ပါ သည်။

(င) စီမံကိန်းမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းအစီအစဉ်များအပေါ်အခြေခံ၍ စီမံကိန်းဝန်ထမ်းများအား လိုအပ်ချက်အရသာ ခန့်အပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ခွဲဝေချထားပေးသော စီမံကိန်းပိုင်ပစ္စည်းများ**

(က) ယခုကာလအတွင်း လုပ်ငန်းခွင်ဝင်ရောက်ရန် ပျက်ကွက်နေသော စီမံကိန်းဝန်ထမ်း အားလုံး၏ စီမံကိန်းမှ ခွဲဝေချထားပေးသော စီမံကိန်းပိုင်ပစ္စည်းများ စနစ်တကျ ပြန်လည်အပ်နှံရေး တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရုံးမှ အနီးကပ် စီမံခန့်ခွဲ၍ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) ယခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းခွဲ အားလုံး၏ စာရင်းဇယား များ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များအား စနစ်တကျပြည့်စုံအောင် ဆောင်ရွက် နိုင်ရေးကို ပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရုံးခွဲ များနှင့် စီမံကိန်းမြို့နယ်များသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ အနီးကပ်ကြီးကြပ် ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) မြို့နယ်၏ ခွဲဝေချထားပေးသော စီမံကိန်းပိုင် ပစ္စည်းများ၏ ပုံသေပိုင်စာရင်း(၁၆) ပြုစုခြင်း၊ မှတ်ပုံတင်စာရင်း ထားရှိခြင်းတို့အားပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရုံးခွဲများနှင့် စီမံကိန်းမြို့နယ်များသို့ ညွှန်ကြားချက် များထုတ်ပြန်၍ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) တိုးချဲ့မြို့နယ်အတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်အားလုံးအား ကမ္ဘာ့(၁၃) ဘဏ်၏ ညွှန်ကြားချက်မရရှိမီ အချိန်ထိ ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

**စီမံကိန်းဝန်ထမ်းစီမံခန့်ခွဲမှုအစီအစဉ်**

(က) ပြည်ထောင်စုအဆင့်တွင်ငှားရမ်းထားရှိသော ကျွမ်းကျင်ပညာရှင်များအား လုပ်ငန်း လိုအပ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရ ပြက္ခဒိန်လ တလ၏စုစု ပေါင်းရက်မှ ၂၅%ကို လျှော့ချမည်ဖြစ်ပြီး အဆိုပါရက်နှင့် ကိုက်ညီသော လစာနှုန်း ထားဖြင့် ဆောင်ရွက်စေခြင်း၊

(ခ) တိုင်းဒေသကြီး /ပြည်နယ်များမှ ROC များနှင့် S/R Infrastructure Assistant ဝန်ထမ်းများအား စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေအရ မေလကုန်တွင် လုပ်ငန်းတာဝန်များ ခေတ္တရပ်နားခြင်း၊

(ဂ) မြို့နယ်အလိုက် လိုအပ်သော TTA ခန့်ထားခြင်းကို ဆောင်ရွက်မည့် စီမံကိန်းအပေါ် မူတည်၍ လျာထားဆောင်ရွက်ရန်၊

(ဃ) စီမံကိန်းမြို့နယ် TTA ခန့်ထား ဆောင်ရွက်ခြင်းကို DRD ၏စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက် ရန်၊

(င) ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများပေါ်မူတည်၍ လိုအပ်သည့် တိုင်း ဒေသကြီး ပြည်နယ်များတွင် /လုပ်ငန်းလိုအပ်ချက်အရ ပြန်လည့်ခန့်ထား ဆောင်ရွက် မည်ဖြစ်ပါကြောင်း၊

(စ) စီမံကိန်းမြို့နယ်များတွင် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာစည်းရုံးရေးမှူးများ လိုအပ်သလောက်သာ အောက်ပါအတိုင်း ခန့်ထားရန်လျာထားပါသည်-

| စဉ် | လုပ်ငန်းအကြောင်းအရာ | မြို့နယ် | လိုအပ် CF | လိုအပ်TF |
|---|---|---|---|---|
| (က) | ဆောင်ရွက်ဆဲ | ၃ | ၁၀ | ၈ |
| (ခ) | ၀% | ၃ | ၂၆ | ၂၃ |
| (ဂ) | စတုတ္ထနှစ်စက်ဝန်း | ၃ | ၄ | ၈ |

**၁၈။ ၂၀၂၀ -၂၀၂၁ ခုဘဏ္ဍာရေးနှစ်ရန်ပုံငွေလျာထားနှင့် အသုံးစရိတ်**

၁။ (၁၇.၃.၂၀၂၁) ရက်နေ့အထိ IDA Creditနှင့် Italy Soft Loan တို့၏ Block Grant ရန်ပုံငွေလက်ကျန်စုစုပေါင်းမှာ(၁၇.၉၁၆) ဘီလီယံရှိပြီး ၂၀၂၁ခုနှစ် စက်တင်ဘာလကုန်အတွင်း ပထမအဆင့်အနေဖြင့် ဆောင်ရွက်ဆဲ (၁၆)မြို့နယ်၏ တတိယနှစ်စက်ဝန်းလုပ်ငန်းခွဲများအား လက်စသတ်ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် Block Grant လွှဲပြောင်းပြီးသော်လည်း မြေပြင်အခြေအနေအရ လုပ်ငန်းခွဲမစတင်နိုင်သေးသည့် စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော်ခြင်း၊ တတိယအဆင့်အနေဖြင့် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိနေသည့် တွန်းဖ်၊ ပူတာအို၊ မဘိမ်းနှင့် ရွှေကျင် မြို့နယ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ထောက်ပံ့ရန်ပုံငွေ လက်ကျန်အတွင်းမှ သုံးစွဲရန် လုံလောက်မှုရှိပါသည်။

၂။ အခြားစီမံကိန်း အသုံးစရိတ်များဖြစ်သော စီမံကိန်းအကောင်အထည်ဖော်ရေး အသုံးစရိတ်ကျပ် (၂.၀၄၁) ဘီလီယံနှင့် INGO များသို့ ပေးချေရမည့် Consultant Fees ကျပ်(၇.၂၇၄)ဘီလီယံ စုစုပေါင်း ကျပ် (၉.၃၁၅) ဘီလီယံခန့် ရှိသည့်အတွက် Operation Costs အသုံးစရိတ်လိုအပ်ချက်ကျပ်(၄.၀၂) ဘီလီယံ ဖြစ်ပေါ်နိုင်ပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ စီမံကိန်းလည်ပတ်နိုင်ရန်အတွက် Category အလိုက် မျှော်မှန်းအသုံးစရိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အသုံးစရိတ်အကြောင်းအရာ | ခန့်မှန်းအသုံးစရိတ်လျာထား |
|---|---|---|
| (က) | GOODS | ၅၉၅.၆၄၄ သန်း |
| (ခ) | Consultant Fees | ၇၂၇၄.၉၉၄သန်း)ကျပ်၄၆၄၇.၉၃၂သန်း+USD၁.၇၇၆သန်း( |
| (ဂ) | Training & Workshops | ၅၀.၃၀၄ သန်း |
| (ဃ) | Incremental Operation Costs | ၁၁၃၄.၆၃၁ သန်း |
| | စုစုပေါင်း | ၉၀၅၅.၅၇၃ သန်း |

၃။ အပိုဒ်(၂)ပါ အသုံးစရိတ်ကျပ် ၉.၀၅၅ ဘီလီယံတွင် Direct Payment USD ၁.၇၇၆ သန်းရရှိပါက စုစုပေါင်းကျပ် ၆.၆၈၈ ဘီလီယံဖြစ်၍ ကျပ် ၁.၃၉၃ ဘီလီယံသာ လိုအပ်မည် ဖြစ်ပါသည်။

၄။ အဆိုပါ ယခုဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော စီမံကိန်းလည်ပတ်အသုံးစရိတ်အား Block Grant ရန်ပုံငွေမှ လွှဲပြောင်းအသုံးပြုနိုင်ရေး ကမ္ဘာ့ဘဏ်၏ (ခေါင်းပြောင်း)No Objection ရယူ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားပါမည်။

လူထုဗဟိုပြုစီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံချက်အား နောက်ဆက်တွဲ (ခ)ဖော်ပြအပ်ပါသည်။

**၁၉။ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များ၏သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ**
**(က) နည်းပညာပံ့ပိုးမှုအခက်အခဲများ**

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် ကျေးရွာများတွင် အုပ်ချုပ်ရေးမှုုအပြောင်းအလဲများကြောင့် လုပ်ငန်းဆောင်ရွက်မှု ကြီးကြပ် သွားရောက်ရန်နှင့် ချိတ်ဆက်ဆောင်ရွက်မှုများတွင် အခက်အခဲများ ရှိပါသည်။ လုပ်ငန်းဆောင်ရွက်မှုကျန်ရှိသော လုပ်ငန်းခွဲများသည် အကြောင်းအမျိုးမျိုးကြောင့် ရုံးသို့လာရောက်မှုမရှိသော CF & TF များ၏ ကျေးရွာများဖြစ်ပါသည်။ ကျေးရွာများနှင့် သက်ဆိုင်သော စာရွက်မှတ်တမ်းဖိုင်များ ( ဝယ်ယူရေး၊ ဘဏ္ဍာရေး၊ infra ) ကို ကျေးရွာများနှင့် ရုံးသို့အပ်နှံခြင်းမရှိပဲ ဆက်သွယ်တောင်းခံရာတွင်လည်း အဆင်မပြေမှုများ ရှိပါသည်။

ကျွန်းလှမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ရုံးသို့ မလာရောက်သော TF-၆ ဦး၊ CF -၈ ဦး၊ စုစုပေါင်း (၁၄) ဦးရှိရာ ထိုသူများ၏ မပြီးပြတ်သော ကျေးရွာလုပ်ငန်းခွဲများကို လက်ရှိ အချိန်တွင် ရှိသော ဝန်ထမ်းများမှ ဆောင်ရွက်ရာတွင်လည်း ကျေးရွာနှင့်ဆိုင်သော မှတ်တမ်း စာရွက် စာတမ်းများ (ဝယ်ယူရေး၊ ဘဏ္ဍာရေး) အပ်နှံခြင်းမရှိပြည့်စုံခြင်းမရှိသဖြင့် ကျန်ရှိလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိပြီး နှောင့်နှေးမှုများ ကြုံတွေ့နေရ ပါသည်။

လုပ်ငန်းဆောင်ရွက်မှု ကျန်ရှိသောကျေးရွာများမှာ သဖန်းဆိပ်ဆည်၏ တဖက်ခြမ်းတွင်ရှိသော ကျေးရွာများဖြစ်ပြီး ညအိပ်သွားရောက်ကာ လုပ်ငန်းဆောင်ရွက်မှ အဆင်ပြေသော ကျေးရွာများဖြစ်သဖြင့် လက်ရှိအချိန်တွင် ညအိပ်သွားရောက်ရန် အခက်အခဲရှိသဖြင့် နေ့ချင်း ပြန်သာသွားရောက်နိုင်သဖြင့် လုပ်ငန်းဆောင်ရွက်ရန် အချိန်ပေးနိုင်မှု နည်းပါသည်။ လုပ်ငန်းခွဲအချို့မှာ ဆောင်ရွက်မှုနှောင့်နှေးခဲ့သဖြင့် လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းအပြောင်းအလဲကြောင့် မူလ လုပ်ငန်းလျာထားချက် အတိုင်းအတာ ပြောင်းလဲမှုရှိနိုင်ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးတွင် CDM ပြုလုပ်သော ဝန်ထမ်းများ၏ ကျေးရွာ များတွင် ပစ္စည်းများ ဝယ်ယူထားရှိပြီး ငွေပေးချေမှုများ မပြုလုပ်နိုင်ခြင်းကြောင့် လုပ်ငန်းရှင်များနှင့် ကျေးရွာကော်မတီများအကြား ငွေပေးချေမှုအတွက် အခက်အခဲများ ဖြစ်ပေါ်နေခြင်း။

**ခနုဖြူမြို့နယ်**

ယခု ကာလတွင် ဝန်ထမ်းအနည်းငယ်ဖြင့် လုပ်ငန်းခွဲများအား ဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် တံတားနှင့် အဆောက်အဦကဲ့သို့သော လုပ်ငန်းခွဲ များအား Regional Infra နှင့် Township Infra တို့မှ အနီးကပ်ကြီးကြပ် ဆောင်ရွက်၍ TF လစ်လပ်လျက်ရှိသည့် အခြားလုပ်ငန်းခွဲများအား လက်ရှိ TF များ၏ အကူအညီများ ရယူပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းခွဲ စတင်ခြင်းမရှိသေးသည့် ကျေးရွာများမှာ CDM ဝန်ထမ်းများကြောင့် ကျန်ရှိနေခြင်းဖြစ်ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ ဈေးနှုန်းမြင့်မားလာမှုကြောင့် လမ်းလုပ်ငန်းခွဲများမှာ မူလ လျာထားပေထက် လျော့နည်းခြင်းများ ရှိပါသည်။

**မောက်မယ်မြို့နယ်**

နည်းပညာလိုအပ်ချက်များအား ပြည်နယ်မှ ဦးအောင်ဇော်မြင့် အကူအညီဖြင့် လိုအပ်သော စာရွက်စာတမ်းများအားပြုလုပ်ခြင်း/ **Design and Estimate** များအားရေးဆွဲလျှက်ရှိပြီး ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်လျှက်ရှိပါသည်။ ဝန်ထမ်းများစွမ်းဆောင်ရည်အတွက်လိုအပ်သော နည်းပညာများပေးမည်ဆိုပါက ပိုမို ကောင်းမွန်မည်ဖြစ်ပြီး။ **(Steel Structure)** သံထည်ဖြင့် ဆောက်လုပ်သည့် နည်းပညာ /ကွန်ပျူတာ/စေ့စပ်ညှိနှိုင်းရေး)သင်တန်းများအာ **(40k)**ဖြင့်ပေးမည့် အစီအစဉ်များ ပြုလုပ်ပေးပါကပိုမိုကောင်မွန်ပါသည်။ ကိုးဗစ်-၁၉ကျော်လွန်လျှင်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါသည်။

**ရွှေကူမြို့နယ်**

နည်းပညာပိုင်းဆိုင်ရာများအနေဖြင့် မြို့နယ် Infrastructure Counterpart မှာ သင်တန်းများ မရရှိခြင်း နှင့် Civil Engineer မဟုတ်သည့်အတွက် လုပ်ငန်းခွဲဖိုင်(Estimates,Revised Estimates, Infra Files)များ စိစစ်အတည်ပြုရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ထောက်နည်းပညာမှူးများအနေဖြင့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်မှ ကြုံတွေ့ခဲ့ရသော နည်းပညာအခက်အခဲအနေဖြင့် ထန်းပင်မှော် ကျေးရွာအုပ်စု၊ ထန်းပင်မှော်ကျေးရွာနှင့် ကန်ကြီးကျေးရွာ (၂)ရွာတွင် ဆောင်ရွက်မည့် မြေသားလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ရွာအလယ်၌ရှိသော မြောင်းကို မြေဖို့ပြီး လမ်းပြု

လုပ်ရမည် ဖြစ်သဖြင့် မိုးတွင်းကာလတွင်ရေဝပ်၍ ဆုံးရှုံးမှု ဖြစ်နိုင်ခြင်း၊ မိုးတွင်းကာလ ကုန်ဆုံးချိန်တွင်လည်း လမ်းအတွင်းစီးဆင်းနေသော ရေများလွှဲရန် စပါးခင်းများ မရိတ်သိမ်းရသေးခြင်းကြောင့် နောက်ကျခဲ့ရပါသည်။

**ဝမြို့နယ်**

**Infra Specialist** တစ်ဦးလစ်လပ်နေပါသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ၏ အရည်အသွေးကြီးကြပ်ရန်လိုအပ်ချက်များ ရှိခဲ့ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ဝန်ထမ်းများ ရုံးတက်ရောက်မှုမရှိခြင်းကြောင့် လုပ်ငန်းများ လုပ်ကိုင်ရာ နည်းပညာ အခက်အခဲများရှိပါကြောင်း တင်ပြအပ်ပါသည်။

**တွန်းဇံမြို့နယ်**

တွန်းဇံမြို့နယ်တွင် ခန့်အပ်ထားသည့် လက်ထောက် နည်းပညာမှူးများသည် Civil **(**မြို့ပြအင်ဂျင်နီယာ) ဖြစ်သည့်အတွက် လျှပ်စစ် မီးလင်းရေးနှင့် ပတ်သက်၍ အတွေ့အကြုံ မရှိသည့်အတွက် မီးလင်းရေး လုပ်ငန်းများ (ဆိုလာ၊ ရေအားလျှပ်စစ်) ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိပါသည်။

PC-21 **(**သောက်သုံးရေ အရည်အသွေးစစ်တမ်း) စမ်းသပ်ရာတွင်ပါရှိသည့် အမှတ်စဉ် အားလုံး အသုံးပြုရမည့် ဆေးများပြည့်စုံစွာ မရှိသည့်အတွက် စစ်ဆေးရမည့် အရေအတွက်ကို ပြည့်စုံစွာ စစ်ဆေးဆောင်ရွက်မှု မပြုလုပ်နိုင်ခဲ့ပါ။

**(ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**

**ကနီမြို့နယ်**

ကနီမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းတွင် ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် အခက်အခဲများ ကြုံတွေ့ရခြင်း၊ လမ်းများပိတ်ဆို့ခြင်းများ ရှိနေခြင်းကြောင့် လုပ်ငန်းခွဲအတွက် လိုအပ်သော ပစ္စည်းများ သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်းနှင့် ဆိုင်များပိတ်ထားခြင်းကြောင့် ပစ္စည်းများဝယ်ယူရန် အခက်အခဲများ ဖြစ်ပေါ်နေခြင်းတို့ ဖြစ်ပါသည်။

**ဓနုဖြူမြို့နယ်**

TVS ,DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှု ခက်ခဲခြင်း၊ Computer များ Servicing လုပ်ရန် Computerများ Servicing လုပ်ရန်လိုအပ်ခြင်း၊ မိတ္တူ ကူးစက်(၁)လုံးထဲသာ ရှိသဖြင့် ထပ်မံလိုအပ်ပါသည်။

**ပူတာအိုမြို့နယ်**

Procurement Officer အသုံးပြုနေသော ASUS Laptop Computer သည် Hard Disk ပျက်စီးခဲ့ပါသည်။ Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA)တို့ အသုံးပြုလျက် ရှိသော Desktop Computerများရှိ UPS(၃)လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသိုလှောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်တော့ပါ။

Tablet (၁) လုံးသည် Wifi IC Error ဖြစ်နေသည့်အတွက် MIS Data ဖြည့်သွင်းရန် အဆင်မပြေတော့ပါ။

**ရွှေကူမြို့နယ်**

ဆိုင်ကယ် အပို ပစ္စည်းများ ရှားပါးခြင်း၊ Epson 30100 Color Printer တစ်လုံး မှ ( Colour Hard Line ) အနီရောင် Hard မရရှိခြင်း နှင့် စာရွက်များ ထုတ်၍ မရတော့ပါ။ Epson 30100 Color Printer တစ်လုံး မှ ( Colour Hard Line ) အနီရောင် Hard မရရှိခြင်း နှင့် စာရွက်များ ထုတ်၍ မရတော့ပါ။

Township Infra အသုံးပြုသော Asus Laptop တစ်လုံး နှင့် Township Team Leader ကိုင်ဆောင်သော Asus Laptop သည် Power ဖွင့်၍ မရတော့ပါ။ Township Infra အသုံးပြုသော Asus Laptop သည် ၂၅.၉.၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ပြီးခဲ့သော်လည်း ထပ်မံအသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

Tablet Power Bank ( 15 ) လုံးသည် အားသွင်းရာတွင် မဝင်သည့်အတွက် အသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ စီမံကိန်းတွင် အသုံးပြုနေသော Canon MF – 235 အမျိုးအစား Fax and Scanner ပစ္စည်းသည် အဖုံးဒေါက်သည် ၂ ဖက်လုံး ကျိုးပျက်သွားသည့် အတွက် အသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည် ။

Acer Desktop 3 လုံး သည် Window မတက်တော့သည့်အတွက် အသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်မှ Tablet ၁လုံး ပြင်ဆင်ရန် Union သို့ပို့ထား၊Tablet ၃လုံးပျက်စီး Union သတင်းပို့ထားပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကျေးရွာတစ်ချို့တွင် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ရန် လိုအပ်သော ပစ္စည်းများ သယ်ယူရာတွင် သယ်ယူစရိတ်ကြီးမားခြင်းများရှိပါသည်။ ဘိလပ်မြေဈေးနှုန်းမှာ ယခင်ကထက် အလွန်ကြီးမားမှုကြုံတွေ့နေရပါသည်။

**ဝမြို့နယ်**

Covid-19 ကပ်ရောဂါပျံ့နှံ့မှုများကြောင့် အသွားအလာ ကန့်သတ်မှုများရှိနေသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းများ မှာယူရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

CF,TF များသည် ရုံးသို့လာရောက်ခြင်းမရှိသည့်အတွက် ၎င်းတို့ ထုတ်ယူထားသော စီမံကိန်းသုံးပစ္စည်းများ လာရောက်အပ်နှံခြင်းမှု မရှိခြင်း၊ ဌာနမှလည်း ရုံးစာများ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

**တွန်းဇံမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲရှိပါသည်။Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ ရှိပါသည်။

နေပြည်တော် Procurement Team သို့ Tablet Huawei (၃)လုံး ပေးပို့ထားပါသည်။ TVS/Honda ဆိုင်ကယ်များသည် (၂) နှစ်တာ တောင်ပေါ်ဒေသ များတွင် အသုံးပြုရသည့် အတွက် စက်ချို့ယွင်းပျက်စီးမှုများ ရှိပါသည်/ သို့ဖြစ်ပါ၍ ကျွမ်းကျင်သည့် စက်ပြင်ဆရာများခေါ်ယူပြီး လိုအပ်သည်များကို ဆောင်ရွက် မည်ဆိုပါက ဝန်ထမ်းများအတွက် လုံခြုံမှု ပိုမိုရရှိမည်ဖြစ်ပါသည်။

တွန်းဇံမြို့နယ် ကျေးရွာ အုပ်စု (၃၁)အုပ်စု၊ ကျေးရွာ (၉၃) ရွာတွင် ထားရှိသည့် စီမံကိန်းနှင့် ပတ်သက်သော ဗွီနိုင်း ပိုစတာများ (ဗိုမီး၊ မြန်မာ)တို့သည် လေတိုက်သည့် အတွက် ပျက်စီးမှု များစွာ ရှိပါသည်။ သို့ဖြစ်ပါ၍ နောက်ထပ် (ဗိုမီး၊ မြန်မာ) ဗွီနိုင်း / ပိုစတာများ ထပ်မံ ပံ့ပိုးပေးပါရန် တင်ပြအပ်ပါသည်။

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးတွင် စီမံကိန်းဝန်ထမ်းများ CDM ပြုလုပ်ခြင်းကြောင့် လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် အခက်အခဲများ ဖြစ်ပေါ်နေခြင်း၊ CDM ပြုလုပ်သော ဝန်ထမ်းများမှ စာရွက်စာတမ်းများ ပြန်လည်မအပ်ခြင်းကြောင့် ဆက်လက်အကောင်

အထည်ဖော်မည့် ဝန်ထမ်းများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နေခြင်းနှင့် အချို့သော ကျေးရွာများမှ ဝန်ထမ်းများ CDM မပြုလုပ်သောကြောင့် ရွာဝင်မခံသော အခက်အခဲများ ကြုံတွေ့နေရခြင်းများ ဖြစ်ပါသည်။

**မောက်မယ်မြို့နယ်**

သုံးလအတွင်းလစ်လပ်သောလူထုစည်းရုံးရေးမှူး(၁)ဦးအားအစားပြန်လည်ခန့် ထားပြီး ဖြစ်ပါသည်။ (၃၁.၁၁.၂၀၂၀)တွင်လစ်လပ်လျှက်ရှိသော စည်းရုံးရေးမှူး နန်းနွမ်းမိုဆိုင် နေရာတွင် (၈.၁၂.၂၀၂၀) တွင် နန်းဝင့်မွန်ဦး အားအစားထိုးခန့်အပ်ထားပြီးဖြစ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)တွင် တာဝန်ထမ်းဆောင် နေကြသည့် လက်ထောက်နည်းပညာမှူး(၂)ဦး နှင့် နည်းပညာအကြံပေး ဝန်ထမ်းများ လစ်လပ်လျက်ရှိပါသည်။

**ပူတာအိုမြို့နယ်**

လူထုစည်းရုံးရေးမှူးရာထူး(၆)နေရာနှင့် လက်ထောက်နည်းပညာမှူး(၄)နေရာ လစ်လပ်နေပါသည်။

**ရွှေကူမြို့နယ်**

မြို့နယ်အဆင့် နည်းပညာအကြံပေးအဖွဲ့မှာ (၄/၂၀၂၁) လမှ စ၍ လုပ်ငန်းစာချုပ် ရပ်ဆိုင်းကြောင်း တင်ပြအပ်ပါသည်။ လစ်လပ်သွားသော လက်ထောက်နည်းပညာမှူး ( ၁ ) ဦး နေရာတွင် အစားထိုးခန့်အပ်ရန် ခေါ်ယူထားသော်လည်း လာရောက်လျှောက်ထားသူ မရှိသေးသဖြင့် ပြန်လည်ခန့်အပ်နိုင်မှု မရှိသေးပါ၊ မြို့နယ်အဆင့်တွင် Finance Counterpart မှာ လစ်လပ် လျက်ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် ဖေဖော်ဝါရီလအတွင်းတွင် လက်ထောက်နည်းပညာမှူး ၆ ဦးသည့် CDM အားနှစ်ပတ်နီးပါး ပြုလုပ်ခဲ့သည့်အတွက် စီမံကိန်းလုပ်ငန်းများသည် ပြီးစီးရမည့် အချိန်ထက်နောက်ကျနေခဲ့ပါသည်။ လက်ထောက်နည်းပညာမှူး ၁ ဦးမှာ ယခုအချိန်ထိ CDM ပြုလုပ်လျှက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် ဖေဖော်ဝါရီလအတွင်းမှစတင်ကာ လူထုစည်းရုံးရေးမှူး ၁၆ ဦးနှင့် လက်ထောက်နည်းပညာမှူး ၁၅ ဦးတို့သည့် ယခုအချိန်ထိ CDM ပြုလုပ်လျှက်ရှိပါသည်။ မြို့နယ်

နည်းပညာအကြံပေးအဖွဲ့များအားလုံးကိုလည်း အဖွဲ့အစည်းမှ မတ်လ (၁၅)မှ စတင်ကာ ယာယီ ရပ်နားထားပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဝန်ထမ်းများတစ်ဦးချင်းစီ လစဉ်ခရီးသွားမည့် အစီအစဉ်များရေးဆွဲပြီး ပြည်နယ် နှင့် ချိတ်ဆက် လုပ်ဆောင် ထားရှိပါသည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကိုတင်ပြပြီး ဝန်ထမ်းများ ခရီးသွားလာမှုပြုလုပ်ကြပါသည်။

ဝန်ထမ်းများခရီးသွားလာရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ပြီး ဒေသအခြေအနေကိုစုံစမ်းကာ ခရီးထွက်နိုင်ခြေရှိမှသာလျှင်ခရီး သွားလာမှု ပြုလုပ်ကြပါသည်။ ဝန်ထမ်းများလုံခြုံရေးအတွက် ရုံးနှင့်ချိတ်ဆက်သွားလာရန်ညွှန်ကြားထားပါသည်။

**ကျောက်တော်မြို့နယ်**

လက်ရှိဖြစ်ပွားနေသော အခြေအနေကြောင့် စီမံကိန်းဝန်ထမ်းများ ပြန်လည်ခေါ်ယူရန် လိုအပ်ပါသည်။

(ဃ) **နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် ၊ ကျေးရွာများတွင် ညအိပ်သွားရောက်ပြီး လုပ်ငန်းဆောင်ရွက် မရပါ။ ကျေးရွာများ ကွင်းဆင်းရာတွင်လည်း အမျိုးသမီးများသီးသန့်သွားရာတွင် လုံခြုံမှုမရှိသောကြောင့် အမျိုးသားများနှင့်အတူ သွားရောက်ရပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရ ဝန်ထမ်းများအနေဖြင့် ကျေးရွာများသို့ သွားရောက်ရန် အခက်အခဲများဖြစ်ပေါ်နေခြင်း၊ ကျေးရွာများနှင့် ကျေးရွာများသို့ သွားရောက်ရန် လမ်းများ ပိတ်ဆို့ခြင်းကြောင့် သွားလာရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။

**ခနဖြူမြို့နယ်**

အစီရင်ခံသည့်ကာလအတွင်း ကျေးရွာများတွင် လူအများ စိုးရိမ် ကြောင့်ကြမှုများကြောင့် စီမံကိန်းလုပ်ငန်းအချို့နှောင့်နှေးမှု များကြုံတွေ့ခဲ့ရပါသည်။

**မောက်မယ်မြို့နယ်**

ကျေးရွာသို့သွားမည့် အစီအစဉ်နှင့် ဝန်ထမ်းစာရင်းများအား ကြိုတင်ကြောင်းကြားစာပို့ပြီး ဆောင် ရွက်မှုများပြုလုပ်နေပါသည်။ အဖွဲ့အစည်းများနှင့်လိုအပ်သောတွေ့ဆုံမှုများအား အလျှင်း သင့်သလို တွေ့ဆုံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မဘိမ်းမြို့နယ်**

နယ်မြေလုံခြုံရေး အနေဖြင့် ယခုလပိုင်းတွင် မြို့နယ် အစွန်ဘက် ကျသော ကျေးရွာများတွင် အနည်းငယ် လုံခြုံရေး အခက်အခဲ ရှိသည်ဟု သိရှိရပြီး စီမံကိန်း ဝန်ထမ်းများ ကွင်းဆင်း ရာတွင် သက်ဆိုင်ရာ အုပ်စု အုပ်ချုပ်ရေးမှူး အား ကြိုတင်ဆက်သွယ် အကြောင်းကြားပြီး သွားလာ ရပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် ယခုလက်ရှိအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တပ်မ တော်အဖွဲ့အစည်းများ အကြားတိုက်ပွဲများဖြစ်ပွားနေသည့် အချိန်ဖြစ်သည့် အတွက် ဝန်ထမ်းများ အနေဖြင့် သတင်းအချက်အလက် များအားရယူစုံစမ်းပြီးမှသာ ကျေးရွာများသို့ သွားရောက် ဆောင်ရွက်နေကြရပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

အစီရင်ခံစဉ်ကာလအတွင်း ပုဏ္ဏားကျွန်းမြို့နယ်အတွင်းတွင်စစ်ပွဲဖြစ်ပွားမှုမရှိခဲ့ပါ သို့သော် မြို့နယ်အတွင်း တစ်ချို့နေရာများမှာ အသွားအလာကန့် သတ်ချက် အောက်တွင်ရှိနေပြီး ဝင်ရောက် လုပ်ကိုင်ရန်အခက်အခဲရှိနေပါသည်။

ဖော်ဖော်ဝါရီလမှစ၍ လိုအပ်ချက်အရ ခရီးသွားလာမှုပြုလုပ်ပါက မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့နှင့်သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ ထံအကြောင်းကြား ပြီးခရီးသွားလာမှု ပြုလုပ်ခဲ့ပါ သည်။

နယ်မြေလုံခြုံရေးအခြေအနေအရ ဝန်ထမ်းများ ခရီးသွား လာမှုများပြုလုပ်ပါက အန္တရာယ် ကင်းဝေးစေရန်အတွက် ဝန်ထမ်းများ ခရီးသွား လာမည့် အစီအစဉ်များကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ခွင့်ပြုချက်ရယူကာ ပြည်နယ်ရုံးသို့အစီရင်ခံတင်ပြပြီး ဝန်ထမ်းများခရီးသွား လာရေး အတွက် စီမံလုပ်ဆောင်ထားပါသည်။

**လိူင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်မြို့ရှိ စီမံကိန်းလုပ်ငန်းခွဲများအားလုံး ဒေသခံတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့မှ ဝင်ရောက်မှု ပိတ်ပင်ထားပါကြောင်း တင်ပြအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

KNU တပ်မဟာ (၆)နယ်မြေ (ဒူပလရာခရိုင်)တွင် မြေပြင် ဒေသအခြေအနေကြောင့် ဆောင်ရွက်ရန်ကျန်ရှိသော စီမံကိန်းလုပ်ငန်းခွဲများကို ယာယီရပ်ဆိုင်းထားပါသည်။

**တွန်းဇံမြို့နယ်**

တွန်းဇံမြို့နယ် တချို့ကျေးရွာများသည် အိန္ဒိယနိုင်ငံ နယ်စပ်နှင့် နီးစပ်သည့်အတွက် အသွားအလာ ကန့်သတ်မှုများရှိခြင်း၊ COVID 19 ကာလအတွင်း ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လာသူများ ရှိ၍ ယင်းကျေးရွာသို့ သွားရောက်သည့် အခါ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့် အတူ သွားရောက်ရခြင်းကြောင့် လိုအပ်သည့် နှာခေါင်းစည်း၊ Hand Gel များ အမြဲဆောင်ထားရန် စီမံကိန်းမှ ပံ့ပိုးပေးပါရန် လိုအပ်ပါသည်။

တွန်းဇံမြို့နယ် ၊ ကျေးရွာအုပ်စု (၇)အုပ်စုရှိ ကျေးရွာ (၃၁)ရွာသည် တီးတိန်မြို့နှင့် စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့မှ တဆင့် သွားရောက်ရပါသည်။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလ(၂၁) ရက်နေ့တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့၏ Covid 19 ကာကွယ် ထိန်းချုပ်ရေးအတွက် တီးတိန်မြို့နှင့် ကလေးမြို့သို့ လုပ်ငန်းတာဝန်အရ သွားရောက်ပြီး လိုအပ်ပါက Facility Quarantine ထားရှိမည်ဖြစ်ကြောင်း ညွှန်ကြားစာ လက်ခံရရှိထားပါသည်။

**၂၀။ အထောက်အပံ့လိုအပ်ချက်များ**

**(က) နည်းပညာ**

**ရွှေကူမြို့နယ်**

ပြည်နယ်ရုံးမှ **TF** များအား ရုံးပိုင်းနည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးပေး လျှက်ရှိ သော်လည်း အမှန်တကယ် စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်သော အချိန်များတွင်လည်း ပိုမိုပံ့ပိုး ပေးစေချင် ပါသည်။

**ခနောဖြူမြို့နယ်**

**CDM** ဝန်ထမ်းများ၏နေရာတွင် အသစ်ပြန်လည်ခန့်ထားမည့် လက်ထောက် နည်းပညာမှူး များအား လုပ်ငန်းခွဲများအကောင် အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်မည့် အထောက်အပံ့ သင်တန်းများ ပေးရန်လိုအပ်ပါသည်။

**ရွှေကူမြို့နယ်**

ပြည်နယ်ရုံးမှ **TF** များအား ရုံးပိုင်းနည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးပေး လျှက်ရှိသော်လည်း အမှန်တကယ် စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်သော အချိန်များတွင်လည်း ပိုမိုပံ့ပိုး ပေးစေချင်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကျေးရွာများမှတောင်းခံလာ သော စီမံကိန်းလုပ်ငန်းခွဲများအတွက် လိုအပ်သော Design/ Estimate များကို တွက်ထုတ် ပေးခြင်း၊စီမံကိန်း လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရာတွင် လည်း တာဝန်ကျ CF/TF ဝန်ထမ်းများက လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများအတွက် သက်ဆိုင်ရာကော်မတီများကို ကွင်းဆင်းကာ အနီးကပ်ပံ့ပိုးပေးထားပါသည်။

မြို့နယ်မှနည်းပညာအကြံပေးအဖွဲ့၊ DRD Counterparts များကလည်း သက်ဆိုင်ရာ TF/CF ဝန်ထမ်းများကို စောင့်ကြည့်ကြပ်မတ်ပေးကာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကို ပံ့ပိုးပေးလျှက် ရှိပါသည်။

ပြည်နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှလည်း စီမံကိန်းလုပ်ငန်းအကောင် အထည်ဖော်ဆောင်မှု များအချိန်မီပြီးစီးနိုင်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးအတွက် လိုအပ်သော နည်းပညာပိုင်း ဆိုင်ရာပံ့ပိုးမှုကို ကူညီပေးနိုင်ရန် Regional Office Consultant(ROC)နှင့် Regional Infra Assistant များကို အနီးကပ်ပံ့ပိုးပေးရန် စီစဉ်ထားပါသည်။

ဒုတိယနှစ်စက်ဝန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်သည့် ကျေးရွာများတွင် ကျွမ်းကျင် လုပ်သားများရှိလာခဲ့ခြင်းကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရာတွင် ခက်ခဲမှုမရှိပါ။ ကျွမ်းကျင်လုပ်သားများရရှိမှု အခက်အခဲနည်းပါးလာပါသည်။ နည်းပညာအခက်အခဲမရှိပါ။

**တွန်းဇံမြို့နယ်**

လက်ထောက် နည်းပညာမှူး များအတွက် မီးလင်းရေးနှင့် ပတ်သက်သည့် သင်တန်းများ လိုအပ်ပါသည်။ **(**ဥပမာ **–** Electricity,)

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ကျွန်းလှမြို့နယ်**

တတိယနှစ်လုပ်ငန်းခွဲများ စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည့်အတွက် လုပ်ငန်းပြီးစီးမှု ကျောက်စာတိုင်များလုပ်ရန် စီမံကိန်း logo ပါသံပြားများ လိုအပ်နေပြီဖြစ်ပါသည်။ ကျေးလက် ဦးစီး( ရုံးချုပ်) မှ အမြန်ဆုံးပေးပို့စေလိုပါသည်။

**ခနောဖြူမြို့နယ်**

Copier (၁)လုံး သာ ရှိသည့်အတွက် စက်ပျက်ပါက အပြင်မှာ ကူးရသည့်အတွက် ကုန်ကျ စရိတ်များခြင်း၊ လုပ်ငန်းနှောင့်နှေးခြင်းများ ရှိသောကြောင့် နောက်တစ်လုံးရရှိပါက လုပ်ငန်းပိုမို အဆင်ပြေမည်ဖြစ်ပါသည်။

**ပူတာအိုမြို့နယ်**

Procurement Officer အသုံးပြုနေသော ASUS Laptop တစ်လုံး Hard Disk ပျက်ခြင်း ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြအစီရင်ခံထားပါသည်။

Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA) တို့ အသုံးပြုလျက်ရှိသော Desktop Computer များရှိ UPS (၃) လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသိုလှောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်တော့ပါသည်။ ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြ အစီရင်ခံထားပါသည်။

Tablet (၁) လုံးသည် Wifi IC Error ဖြစ်နေသည့်အတွက် MIS Data ဖြည့်သွင်းရန် အဆင်မပြေတော့ပါ။

**ရွှေကူမြို့နယ်**

ဆိုင်ကယ် အပို ပစ္စည်းများ ရှားပါးခြင်း ကြောင့် ကြိုတင်ဝယ်ယူချင်ပါသည်။ Computer, Color Printer နှင့် မိတ္တူကူးစက်များ စစ်ဆေးပြုပြင်ရန်အတွက် ကျွမ်းပျင်ပညာရှင် လိုအပ်ပါသည်။

**ဝိုင်းမော်မြို့နယ်**

ပွင့်လင်းရာသီအတွင်း ဘီလပ်မြေရရှိမှုခက်ခဲပြီး ဈေးနှုန်းကြီးမားမှုကြုံတွေ့ရပါသည်။ သို့သော် မြို့နယ်အတွင်းပစ္စည်းဝယ်ယူရာတွင် အခက်အခဲမရှိသော်လည်း ပစ္စည်းများ သယ်ယူ ရာတွင် အခက်အခဲရှိပြီး သယ်ယူစရိတ် ပိုမိုကုန်ကျပါသည်။

**တွန်းဇံမြို့နယ်**

ကျေးရွာများအတွက် ထပ်မံလိုအပ်သည့် ဗီနိုင်းများ ပံ့ပိုးပေးပါရန် ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများအတွက် စီမံကိန်းတံဆိပ်ပါ အင်္ကျီ၊ ဦးထုတ်များနှင့် စီမံကိန်းလုပ်ငန်းခွဲ ဆိုင်းဘုတ်များ အတွက် လိုဂိုတံဆိပ်ပါ အလူမီနီယံပြားများ ပံ့ပိုးပေးပါရန် တင်ပြအပ်ပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း)တွင် လစ်လပ်လျက်ရှိသော လက်ထောက်နည်းပညာမှူး(၂)ဦး နှင့် နည်းပညာအကြံပေး ဝန်ထမ်းများအား အစားထိုး ခန့်ထား ပေးပါက စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေအောင် မြင်ပါမည်။

**ပူတာအိုမြို့နယ်**

လူထုစည်းရုံးရေးမှူးရာထူး(၆)နေရာနှင့် လက်ထောက်နည်းပညာမှူး(၄)နေရာ လစ်လပ်နေပါသည်။

**ရွှေကူမြို့နယ်**

မြို့နယ်နည်းပညာအကြံပေးအဖွဲ့တွင် Team Leader (၁)ဦး နှင့် CSAG Officer (၁) ဦး မှာ (၁၈.၉.၂၀၂၀) ရက်နေ့မှစ၍ လစ်လပ်လျက်ရှိသောကြောင့် PKW မှ အမြန်ပြန်လည်ခန့်အပ် ပေးစေလိုပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကိုဗစ်-၁၉ကာလညွှန်ကြားချက်များအတိုင်း ဝန်ထမ်းများသည် ကျေးရွာများသို့ကွင်းဆင်းသွားလာလျှက်ရှိပါသည်။

မတ်လအတွင်း TF (၃) ဦးနှင့် CF (၁) ဦးကို နှုတ်ထွက်သွားသောဝန်ထမ်းများ နေရာတွင် အစားထိုးခန့်ထားမှုရှိပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးနှင့်လက်ထောက်နည်းပညာမှူးများ လိုအပ်လျှက်ရှိပါသည်။

**၂၁။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ**

**ပူတာအိုမြို့နယ်နှင့် ရွှေကူမြို့နယ်**

ပူတာအိုမြို့နယ်နှင့် ရွှေကူမြို့နယ်များမှ ဆောက်လုပ်ရေးပစ္စည်း သယ်ယူစရိတ် များပြားခြင်းကြောင့် ကျေးရွာအုပ်စုများ ကို ရန်ပုံငွေပိုမိုချထားပေးရန် လိုအပ်ပါသည်။ ယခုအခါ COVID – 19 ကပ်ရောဂါ အခြေနေကြောင့် စီမံကိန်းအကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကြန့်ကြာ မှုများ ကြုံတွေ့ရသည်။ တတိယနှစ် စီမံကိန်းစက်ဝန်းကာလကို တိုးမြှင့်သတ်မှတ်ခြင်း၊ လူစုဝေးရန် မလိုသော Training Design များကို Union Training Team က ပြောင်းလဲ ရေးဆွဲခြင်း နှင့် အချိန်ယူရသည့် စီမံကိန်း လုပ်ငန်းစဉ်များကို (ဥပမာ-ဈေးနှုန်းစုံစမ်းပြီး ၇ ရက် အကြာမှ ကုန်ပစ္စည်း ဝယ်ယူနိုင်သော ဝယ်ယူရေးလုပ်ငန်းစဉ်) အချိန်ပြောင်းလဲ သတ်မှတ်ပေးသော ညွှန်ကြားချက်များ ချထားပေးလျှင် စီမံကိန်းစက်ဝန်း၏ ကုန်ဆုံးသွားသော အချိန်များကို ပြန်လည် ကုစားနိုင်မည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

**မောက်မယ်မြို့နယ်**

ဝန်ထမ်းများအနေဖြင့် ကျေးရွာများသို့သွားရာတွင် ကျေးရွာလူထုမှ စိုးရိမ်စိတ်များရှိသလို ဝန်ထမ်းများအနေဖြင့်လည်း ရောဂါ အတွက် စိတ်ချလုံခြုံသောခံစားမှုများလိုအပ်နေပါသည်။

## မဘိမ်းမြို့နယ်

မဘိမ်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)တွင် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရမည့် အချိန်ကာလအားဖြင့် တိုတောင်းခြင်း ၊ လုပ်ငန်းစတင်ချိန်တွင် မိုးရာသီဖြစ်ခြင်း ၊ ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်း စသည်တို့ကြောင့် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနိုင်ပါသည်။

## ကချင်ပြည်နယ်

ယခုအခါတွင် COVID – 19 ကပ်ရောဂါနှင့်နိုင်ငံရေးအခြေနေ မတည်ငြိမ်မှုကြောင့် ဆောက်လုပ်ရေးပစ္စည်း အဆမတန်ဈေးတက်ခြင်းနှင့် သယ်ယူစရိတ်များပြားခြင်း ကြုံတွေ့ရနိုင်ပါသဖြင့် ရန်ပုံငွေထပ်ဆောင်ပေးရန် လိုအပ်ပါသည်။ စတုတ္ထနှစ် စီမံကိန်းစက်ဝန်းတွင် လုပ်ငန်းခွဲ များအား မိုးတွင်းကာလ၌ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့်၊ အချိန်ယူရသည့် စီမံကိန်း လုပ်ငန်းစဉ်များကို (ဥပမာ-ဈေးနှုန်းစုံစမ်းပြီး ၇ ရက်အကြာမှ ကုန်ပစ္စည်းဝယ်ယူနိုင်သော ဝယ်ယူရေး လုပ်ငန်းစဉ်) အချိန်ပြောင်းလဲသတ်မှတ်ပေးသော ညွှန်ကြားချက်များ ချထားပေးလျှင် သတ်မှတ် ကာလအတွင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ပဲခူးတိုင်း

ရွှေကျင်မြို့နယ်သည် ကွမ်းဆိပ်ကျေးရွာအုပ်စု၊ ကွမ်းဆိပ်ကျေးရွာတွင် တတိယနှစ်စက်ဝန်း အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဘက်စုံသုံးခန်းမဆောင်နှင့် ခြံစည်းရိုး စီမံကိန်းလုပ်ငန်းခွဲမှာ တည်ဆောက်မည့်မြေနေရာနှင့် ပတ်သက်ပြီးမြို့နယ်မှ ဆရာတော်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများမှ မျက်နှာစုံညီဖြင့် မြေနေရာ အတွက် ဖြေရှင်းဆောင်ရွက်ပြီးစီးခဲ့သော်လည်း တိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ ကန့်ကွက် ဆန္ဒပြသူများ၏ ကန့်ကွက်ရန်မရှိကြောင်းသဘောတူ လက်မှတ်ရရှိမှသာ ဆက်လက် ဆောင်ရွက်ရန် ညွှန်ကြားလာသည့်အတွက် မြို့နယ်မှဝန်ထမ်းများသည် ကန့်ကွက်သူများ၏ သဘောတူကြောင်း လက်မှတ်ရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း ကန့်ကွက်ဆန္ဒပြသူများမှာ ယခုအချိန် ထိလက်မှတ်ထိုးပေးခြင်း မရှိသေးသဖြင့် စီမံကိန်းလုပ်ငန်းခွဲမှာစတင် ဆောင်ရွက်ရန် နှောင့်နှေး ကြန့်ကြာလျှက် ရှိပါသည်။

အင်တာနက်လိုင်းများ ဖြတ်တောက်မှုများရှိနေသည့်အတွက် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက် ပြီးဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများမှာ အနည်းငယ်နှောင့်နှေးကြန့်ကြာမှုများ ရှိနေ ပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ်တွင် CDM လှုပ်ရှားမှုတစ်စုံတစ်ရာမရှိခဲ့ပါ။ ယခုလက်ရှိအချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းနေပါသဖြင့် ဒေသခံ ကျေးရွာမှ လူထုများ၊ အာဏာပိုင် အဖွဲ့အစည်းများ နှင့် မြို့နယ်အဆင့်တာဝန်ရှိ သူများမှ လူထု၏ တောင်းဆိုမှုအပေါ်တွင် ပထမနှစ် စက်ဝန်း အတွင်း ကျန်ရှိခဲ့သည့် ကျေးရွာများအတွက် လူထုဗဟိုပြုစီမံကိန်းကို ဆက်လက်အကောင် အထည်ဖော်

ဆောင်ရန် ဆန္ဒပြင်းပြနေသောကြောင့် စီမံကိန်း လုပ်ငန်းခွဲများဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးနိုင်ရေး ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ဇယား ၁။ ၃၁/၃/၂၀၂၁ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား**

| Sector | Year 1 (2013/14) | | Year 2 (2014/15) | | Year 3 (2015/16) | | Year 4 (2016/17) | | Year 5 (2017/8) | | Year 6 (2018/19) | | Year 7 (2019/20) | | Cumulative (Yrs 1 – 7) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | # | % | % | # | % | # | % | # | % | # | % |
| Transport | 126 | 34.2% | 684 | 43.4% | 2,299 | 48.56% | 4,288 | 55.81% | 5,774 | 63.6% | 4,796 | 54.2% | 2,604 | 53.0% | 20,571 | 55.3% |
| Water Supply & Sanitation | 69 | 23.0% | 229 | 14.5% | 978 | 20.66% | 1,157 | 15.06% | 757 | 8.3% | 678 | 7.7% | 319 | 6.5% | 4,187 | 11.3% |
| Education | 118 | 32.8% | 448 | 28.4% | 966 | 20.41% | 1,066 | 13.87% | 1,082 | 11.9% | 995 | 11.3% | 511 | 10.4% | 5,186 | 13.9% |
| Electrification | 26 | 4.2% | 123 | 7.8% | 209 | 4.42% | 488 | 6.35% | 662 | 7.3% | 1,073 | 12.1% | 693 | 14.1% | 3,274 | 8.8% |
| Community Facilities | 15 | 3.1% | 65 | 4.1% | 192 | 4.06% | 478 | 6.22% | 650 | 7.2% | 907 | 10.3% | 490 | 10.0% | 2,797 | 7.5% |
| Health | 0 | 0.3% | 8 | 0.5% | 33 | 0.70% | 31 | 0.40% | 30 | 0.3% | 25 | 0.3% | 13 | 0.3% | 140 | 0.4% |
| Other | 3 | 2.5% | 21 | 1.3% | 57 | 1.20% | 175 | 2.28% | 128 | 1.4% | 369 | 4.2% | 283 | 5.8% | 1,036 | 2.8% |
| | | | | | | | | | | | | | | | | |
| Total | 357 | 100% | 1,578 | 100% | 4,734 | 100% | 7,683 | 100% | 9,083 | 100% | 8,843 | 100% | 4,913 | 100% | 37,191 | 100.00% |

ဇယား ၂။ ၂၀၂၁ခုနှစ်၊ မတ်လကုန်ထိရလဒ်Matrixညွှန်ကိန်းများအကျဉ်းချုပ်ဇယား

| 1 | Development Objective Indicators | | Yr 1<br>2013/14 | Yr 2<br>201415 | Yr 3<br>2015/16 | Yr 4<br>2016/17 | Yr 5<br>2017/18 | Yr 6<br>2018/19 | Yr 7<br>2019/20 | Cumulative | Target<br>(to<br>30/11/2021) |
|---|---|---|---|---|---|---|---|---|---|---|---|
| | 1.1 | Direct beneficiaries by year<br>(# tns) | 251,908<br>(3 tns) | 695,885<br>(6 tns) | 2,390,844<br>(18 tns) | 2,389,036<br>(20 tns) | 1,813,452<br>(16 ttns) | No additions | No additions | | |
| | | cumulative<br>(# tns) | 251,908<br>(3 tns) | 947,793<br>(9 tns) | 3,338,637<br>(27 tns) | 5,727,673<br>(47 tns) | 7,541,125<br>(63 tns) | 7,541,125<br>(63 tns) | 7,541,125<br>(63 tns) | 7,541,125<br>(63 tns) | 4,000,000<br>63 |
| | 1.2 | % female beneficiaries | 51.90% | 51% | 51.50% | 50.70% | 51.50% | 51.80% | 52.50% | 51.56% | |
| | 1.3 | # persons having access to and use of project-built infrastructure and services | 204,527 | 928,837 | 3,271,864 | 5,613,120 | 7,390,303 | 7,390,303 | 7,390,303 | 7,390,303 | 4,000,000 |
| | 1.4 | % households in project villages participating in planning, decision-making, and implementation of sps | 56% | 58% | 65 % | 61% | 61.2% | 62.72% | 68.39% | 62.07% | 50%% |
| | 1.5 | % community members satisfied with the project | 90% | 78.8% | 82% | 94% | 99.23% | 99.32% | 99.54% | 94.02% | 80%% |
| | 1.6 | CFA Participation | | | | | | | | | |
| | | •Total CFA labour paid out (MMK billion) | 0.45 | 1.46 | 4.97 | 8.32 | 12.39 | 17.84 | 8.26 | 53.69 | |
| | | •Total # of labour days provided | 106,500 | ·325,400 | ·863,648 | 1.58 mill. | 2.13 mill. | 2.79 mill. | 0.89 mill. | 8.68 million | |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | •CFA wages payments as % of sub-project costs | | n.a | 15% | 16.6% | 18% | 17% | 17.0% | 16.5% | 16.55% | |
| | | •% sub-projects with CFA as main source of labour | | n.a | 70% | 92% | 94% | 95% | 93% | 94% | 89.67% | |
| **2** | | **Intermediate Results Indicators** | | **Yr 1**<br>**2013/14** | **Yr 2**<br>**2014/15** | **Yr 3**<br>**2015/16** | **Yr 4**<br>**2016/17** | **Yr 5**<br>**2017/18** | **Yr 6**<br>**2018/19** | **Yr 7**<br>**2019/20** | **Cumulative** | |
| | 2.1 | #Type of rural infrastructure built | | 357 | 1,578 | 4,734 | 7,682 | 9,083 | 8,843 | 4,913 | 37,190 | 40,000 |
| | | | Transport (road,jetties,bridges) | 126 | 684 | 2,299 | 4,288 | 5,774 | 4796 | 2604 | 20,571 | 4,833 |
| | | | Water and sanitation | 69 | 229 | 978 | 1,157 | 757 | 678 | 319 | 4,187 | |
| | | | Education | 118 | 448 | 966 | 1,065 | 1,082 | 995 | 511 | 5,185 | |
| | | | Electrification | 26 | 123 | 209 | 488 | 662 | 1073 | 693 | 3,274 | |
| | | | Community facilities | 15 | 65 | 192 | 478 | 650 | 907 | 490 | 2,797 | |
| | | | Health | - | 8 | 33 | 31 | 30 | 25 | 13 | 140 | |
| | | | Other | 3 | 21 | 57 | 175 | 128 | 369 | 283 | 1,036 | |
| | | Length of roads constructed (Km) | | 83 | 612 | 1,646 | 2,953 | 3,440 | 3,175 | 1,348 | 13,257 | |
| | 2.2 | Total sub-project costs: | | | | | | | | | | |
| | | CDD project costs (MMK bn) | | 1.5 | 9.55 | 32.32 | 66.92 | 82.76 | 99.83 | 47.07 | 339.95 | |
| | | Community contribution (MMK bn) | | 0.1 | 0.845 | 1.8 | 4.03 | 5.63 | 5.93 | 3.25 | 21.585 | |
| | | (% project costs) | | 6.25% | 8.13% | 5.28% | 5.68% | 6.37% | 5.61% | 6.46% | 5.97% | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| 2.3 | Total block grants disbursed (MMK billion) | 1.77 | 10.23 | 36.23 | 67.37 | 87.13 | 102.86 | 67.58 | 373.17 | |
| 2.2 | % of sub-projects evaluated as high priority by communities | Not yet | Not yet | Not yet | Not yet | Not yet | Not yet | Not yet | n.a | 90% |
| 2.3 | % of sub-projects evaluated independently meeting project operations manual technical and safeguard specifications | 85% | | 93% | | 77% | | | 85% | 85% |
| 2.4 | # of Government officials using their new skills in project management, engineering, planning | 48 | 115 | 234 | 452 | 479 | 420 | 281 | 2,029 | 500 |
| 2.5 | # of community members using their new skills in project planning, financial management, and procurement (6) | 4,731 | 19,160 | 84,748 | 113,588 | 167,125 | 152,772 | 95,175 | 637,299 | 300,000 |
| 2.6 | # of internal cross-township learning exchanges | 2 | 4 | 4 | 0 | 2 | 3 | 0 | 15 | 20 |
| 2.7 | Annual Union Multi-Stakeholder Review conducted | 1 | 1 | 1 | 1 | 1 | 1 | | 6 | 8 |
| 2.8 | % grievances registered, related to delivery of project benefits, that are addressed | 99% | 98.50% | 99% | 99% | 98% | 98% | 97% | 98.36% | 85% |
| | A Core | 98% | 98% | 99% | 99% | 96% | 98% | 100% | 98% | |
| | B Non-Core | 99% | 99% | 99% | 99% | 99% | 99% | 99% | 99% | |
| 2.9 | # grievances related to delivery of project benefits, that are addressed | 318 | 1,030 | 4,688 | 7,392 | 5,879 | 6,642 | 4,043 | 29,992 | |
| | A Core | 16 | 132 | 199 | 201 | 212 | 134 | 142 | 1,036 | 3.5% |
| | B Non-Core | 302 | 898 | 4,489 | 7,191 | 5,667 | 6,508 | 3,901 | 28,956 | |
| 2.1 | % of annual significant financial audit findings addressed (misuse of funds, non-compliance with procedures) | 100% | 100% | 100% | 100% | 100% | 100% | | 100% | 95% |

## ၃။ ကုန်ပစ္စည်းဝယ်ယူမှု 31/3/2021

| Contract Package No. | Description of Package Contract | Units | PP10 Price Estimates | | Method | Review by Bankr | Status Q4 2020 | Status Q1 2021 | Comments |
|---|---|---|---|---|---|---|---|---|---|
| | | | US $ | MMK | | | | | |
| G 149 | REPAIR SERVICE for the REHABILITATION of the MOTORBIKES | 3305 motor bikes | 150,000 | 225,000,000 | Direct | Post | Contract Negotation | Contract Negotation | |
| G-152 | Office Furniture for Hkamti Tsp, Manaung Tsp and Union | Item 1 to 9 | 91,650 | 137,475,000 | Shopping | Post | Extention Contract signed: (25-2-2021) | Done | |
| G-161 | Replacement of Batteries (Samsung and Huawei Tablets) | 2 lots | 24,000 | 36,000,000 | Shopping | Post | Evaluation Process | Contract Agreement Date (25-2-2021) | |
| G-166 | Project Information Board | 7050 Sheets | 155,100 | 232,650,000 | Shopping | Post | Evaluation Process | Contract Agreement Date (23-2-2021) | |
